# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# နဝမပုံမှန်အစည်းအဝေး

# (၁၉) ရက်မြောက်နေ့ မှတ်တမ်း

၂၀၁၉



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မူလကွန်ကရစ်လမ်းပေါ်တွင် ကတ္တရာထပ်ပိုးလွှာတင်ရာ၌ ကာလ ကြာရှည်မခံဘဲ မိုးဦးကာလမှာပင် ချိုင့်၊ ကျင်းများ အမြောက်အမြားပေါ်ပေါက်လာရခြင်းသည် ထပ်ပိုးလွှာတင်သည့် A.C ကတ္တရာအရည်အသွေး ညံ့ဖျင်းခြင်းကြောင့်လား သို့မဟုတ် နည်းပညာနိမ့်ပါး၍လား သို့မဟုတ် အခြားအကြောင်း ကြောင့်လား ဆိုသည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ဟုမ္မလင်းမြို့နယ်အတွင်းရှိ ဗျူဟာလမ်းမကြီးပေါ်မှ နမ့်ပါတ်ကား-တောင်ချေရင်း-လယ်ဦး-နောင်ဖာမူ-တက်ခက်-နားနူး-မန်သက်-တပ်ကုန်း-ကိုးတောင်-ဆင်းနှာမောင်းကျေးရွာများအထိ ရာသီမရွေးသွားလာ နိုင်သော ကျောက်ချောလမ်းအဆင့် တိုးမြှင့်ပေးရန်နှင့် လိုအပ်သောတံတားများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | ကြံခင်းမြို့နယ်အတွင်းရှိ Class(A)အဆင့်သတ်မှတ်ပြီး လမ်းမကြီးအား ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲ ရန်နှင့် ပျက်စီးနေမှုအား မည်သည့် ဘဏ္ဍာနှစ်တွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စတင်တာဝန်ယူ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | အိမ်မဲမြို့နယ်ရှိ ကျွဲလမ်း-ကမ်းနားထိန်ငူလမ်းကို ရာသီမရွေး သွား လာနိုင်သော လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | ထီးချိုင့်မြို့နယ်၊ အင်ဒေါင်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အဆင့်တိုးမြှင့်ဖွင့်လှစ်ပေး နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၁၀ | မံစီမြို့နယ်၊ စီခမ်းကြီးအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၌ (၁၇၀ x ၃၀)ပေ (RCC) နှစ်ထပ် | ၁၇ |

| | | |
|---|---|---|
| | ကျောင်းဆောင် သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | |
| ၁၁ | သနပ်ပင်မြို့နယ်၊ အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသော ဆရာဆရာမများအား ဖြည့်ဆည်းခန့်ထားပေးရန်နှင့် ယင်းဆရာ ဆရာမ များနေရာတွင် ဒေသခံဘွဲ့ရလူငယ်များအား ဦးစားပေးခန့်ထားရန် အစီ အစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၂ | ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၂၁ |
| ၁၃ | ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင် သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက် ရယူခြင်း | ၃၂ |
| ၁၄ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော မြန်မာ့ပုလဲ လုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃၃ |
| ၁၅ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခြင်း | ၃၄ |
| ၁၆ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပြီးစီး ကြောင်း ကြေညာခြင်း | ၃၆ |

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး**

**(၁၉) ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၈-၉-၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မူလကွန်ကရစ်လမ်းပေါ်တွင် ကတ္တရာထပ်ပိုးလွှာတင်ရာ၌ ကာလကြာရှည် မခံဘဲ မိုးဦးကာလ မှာပင် ချိုင့်၊ ကျင်းများ အမြောက်အမြား ပေါ်ပေါက်လာရခြင်းသည် ထပ်ပိုးလွှာတင်သည့် A.Cကတ္တရာအရည်အသွေး ညံ့ဖျင်းခြင်းကြောင့်လား သို့မဟုတ် နည်းပညာနိမ့်ပါး၍လား သို့မဟုတ် အခြားအကြောင်း ကြောင့်လား ဆိုသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့နယ်အတွင်းရှိ ဗျူဟာလမ်းမကြီးပေါ်မှ နမ့်ပါတ်ကား–တောင်ချေရင်း– လယ်ဦး– နောင်ဖာမူ–တက်ခက်–နားနူး–မန်သက်–တပ်ကုန်း–ကိုးတောင်– ဆင်းနှာမောင်းကျေးရွာများအထိ ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းအဆင့် တိုးမြှင့်ပေးရန်နှင့် လိုအပ်သော တံတားများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးထွန်းလင်းမော်၊ ကြံခင်း မဲဆန္ဒနယ်၏ **ကြံခင်းမြို့နယ်အတွင်းရှိ Class(A) အဆင့်သတ်မှတ်ပြီး လမ်းမကြီးအား ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲရန်နှင့် ပျက်စီးနေမှုအား မည်သည့်ဘဏ္ဍာနှစ်တွင် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စတင်တာဝန်ယူ ဆောင်ရွက် ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ **အိမ်မဲမြို့နယ်ရှိ ကျွဲလမ်း–ကမ်းနား ထိန်ငူလမ်းကို ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် အဆင့် မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်၊ အင်ဒေါင်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အဆင့်တိုးမြှင့် ဖွင့်လှစ် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးချင်းဖေလင်း၊ မံစီ မဲဆန္ဒနယ်၏ **မံစီမြို့နယ်၊ စီခမ်းကြီး အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)တွင် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်၌ (၁၇၀ x၃၀) ပေ (RCC) နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်၊ အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသော ဆရာ၊ ဆရာမများအား ဖြည့်ဆည်းခန့်ထားပေးရန်နှင့် ယင်း ဆရာ၊ ဆရာမများနေရာတွင် ဒေသခံ ဘွဲ့ရလူငယ်များအား ဦးစားပေးခန့်ထားရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၊

(ခ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ဂ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၊

(ဃ) ဦးသန်းထွန်းမြင့်၊ ကလေးဝ မဲဆန္ဒနယ်၊

၇။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး**
**(၁၉)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)**
**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၆၄ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်

**မူကြမ်း**

ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၆၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၆၄ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၂ ရက်၊
(၂) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၃) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊
(၄) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် အစည်းအဝေးပြီးဆုံးသည်ထိ၊
(၅) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊
(၆) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊
(၇) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊
(၈) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၉) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊
(၁၀) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်၊
(၁၁) ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ခွင့် ၁ ရက်၊
(၁၂) ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ခွင့် ၁ ရက်၊
(၁၃) အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ခွင့် ၁ ရက်၊
(၁၄) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၁ ရက်၊
(၁၅) နန့်စန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁ ရက်၊
(၁၆) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၂ ရက်၊

**မူကြမ်း**

(၁၇) အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း ခွင့် ၁ ရက်၊
(၁၈) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊
(၁၉) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊
(၂၀) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊
(၂၁) ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ခွင့် ၁ ရက်၊
(၂၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းကိုကို ခွင့် ၁ ရက်၊
(၂၃) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန့်စင် ခွင့် ၁ ရက်၊
(၂၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်ထွန်း ခွင့် ၁ ရက်၊
(၂၅) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၁ ရက်၊
(၂၆) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊
(၂၇) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊
(၂၈) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊
(၂၉) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊
(၃၀) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊
(၃၁) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၁ ရက်၊
(၃၂) ဇဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊
(၃၃) တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ခွင့် ၁ ရက်၊
(၃၄) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်နှင့်
(၃၅) လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာအေးကြူ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၃၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၅ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၆၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ၊ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မူလကွန်ကရစ်လမ်းပေါ်တွင် ကတ္တရာထပ်ပိုးလွှာတင်ရာ၌ ကာလကြာရှည်မခံဘဲ မိုးဦးကာလမှာပင် ချိုင့်၊ ကျင်းများ အမြောက်အမြားပေါ်ပေါက်လာရခြင်းသည် ထပ်ပိုးလွှာတင်သည့် A.C ကတ္တရာအရည်အသွေး ညံ့ဖျင်းခြင်းကြောင့်လား သို့မဟုတ် နည်းပညာနိမ့်ပါး၍လား သို့မဟုတ် အခြားအကြောင်းကြောင့်လားဆိုသည်ကို သိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဟာ မူလကွန်ကရစ်လမ်းဖြစ်ပြီး အဲဒီကွန်ကရစ်လမ်းပေါ်မှာ နိုင်လွန်ကတ္တရာထပ်ပိုးလွှာတင်တဲ့အခါမှာ ကြာရှည်မခံဘဲ မိုးဦးကာလမှာပင် ချိုင့်၊ ကျင်းများ အမြောက်အမြားပေါ်ပေါက်ပြီး ထပ်ပိုးလွှာပေါ်လာခြင်းကြောင့် ထပ်ပိုးလွှာတင်ထားတဲ့ A.C ကတ္တရာလို့ခေါ်တဲ့ နိုင်လွန်ကတ္တရာ အရည်အသွေးညံ့ဖျင်းမှုကြောင့်လား သို့မဟုတ် နည်းပညာနိမ့်ပါး၍လား သို့မဟုတ် အခြားမည်သည့်အကြောင်းကြောင့်လားလို့ သိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ အဲဒီလို ကာလတိုအတွင်း လမ်းပျက်စီးမှုမရှိရန် နောက်နောင် မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို သိလိုသဖြင့် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ အဓိက အရေးကြီးတဲ့ လမ်းတစ်ခုဖြစ်တဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှာ တစ်နှစ်ကို မိုင် ၂၀ နိုင်လွန်ကတ္တရာထပ်ပိုးလွှာတင်သွားမယ်လို့ ဒုတိယဝန်ကြီးက လွှတ်တော်အတွင်းမှာ ပြောကြားပြီးပါပြီ။ အဲဒီအခါမှာ ပြီးခဲ့တဲ့ပွင့်လင်းရာသီမှာ နိုင်လွန်ကတ္တရာထပ်ပိုးလွှာတင်ခဲ့ပါတယ်။ အဲဒီနိုင်လွန်ကတ္တရာ ထပ်ပိုးလွှာတင်တဲ့အခါမှာ ပြီးခါစမှာတော့ အင်မတန်ကောင်းပါတယ်။ အင်မတန်ချောမွေ့ပါတယ်။ ဒါပေမဲ့ မိုးလည်းရွာလိုက်တော့ မိုးဦးကာလ ဒီမေးခွန်းမေးတဲ့ ဇွန်လထဲမှာပဲ အပေါက်တွေအမြောက်အမြားဖြစ်ပြီးတော့ လိုက်ဖာထေးနေရတာကို တွေ့ရပါတယ်။ အဲဒီတော့ မိုးများလေ အပေါက်တွေများလာလေ။ ကားတွေအတွက်လည်း အန္တရာယ်ကျရောက်လာပါတယ်။ အဲဒါကြောင့်မို့လို့

ဒီလိုဖြစ်ရခြင်းဟာ အကြောင်းရှိရမယ်။ အဲဒီအကြောင်းကို ကျွန်တော်တို့ ဘယ်လိုပြုပြင်မလဲဆိုတာကို သိလိုတဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါ တယ်။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင်မှ မေးမြန်းထားတဲ့ ရန်ကုန်-မန္တလေး အမြန် လမ်းမကြီး၏ မူလကွန်ကရစ်လမ်းပေါ်တွင် ကတ္တရာထပ်ပိုးလွှာတင်ရာ၌ ကာလကြာရှည်မခံဘဲ မိုးဦးကာလမှာပင် ချိုင့်၊ ကျင်းများအမြောက်အမြား ဖြစ်ပေါ်လာရခြင်းသည် ထပ်ပိုးလွှာတင်သည့် A.C ကတ္တရာအရည်အသွေး ညံ့ဖျင်းခြင်းကြောင့်လား သို့မဟုတ် နည်းပညာနိမ့်ပါး၍လား သို့မဟုတ် အခြားအကြောင်းကြောင့်လားသိလိုခြင်းနှင့် ထိုကဲ့သို့ကာလတိုအတွင်း လမ်းပျက်စီးမှုမရှိစေရန် နောက်နောင်မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းတို့နှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ကတ္တရာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခု ဘဏ္ဍာရေးနှစ်အထိ အချို့သော ကတ္တရာကွန်ကရစ်ခင်းပြီးသည့် လမ်းပိုင်းများမှာ အချို့ခြောက်နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ပြီးတော့ လမ်းပိုင်းအချို့ကတော့ တစ်နှစ်၊ နှစ်နှစ်ခန့်ပဲရှိပါသေးတယ်။ ကတ္တရာ ကွန်ကရစ်ခင်းခြင်းနှင့်ပတ်သက်၍ တချို့နေရာများတွင် လှိုင်းများဖြစ်ခြင်း၊ တချို့နေရာများတွင် အပေါက်များဖြစ်ခြင်းတို့သည် ကတ္တရာအရည်အသွေးကြောင့်လည်းဖြစ်နိုင်သလို၊ နည်းပညာကြောင့် လည်းဖြစ်နိုင်ပါတယ်။ ဖြစ်နိုင်တဲ့အကြောင်းအရင်းက ငါးချက်ရှိပြီးတော့ အဲဒီအချက်တွေကတော့ (၁) ကတ္တရာအရည်အသွေးကြောင့် ယခုကဲ့သို့ လှိုင်းများဖြစ်ဖြစ်ပေါ်နိုင်ခြင်း၊ အပေါက်များဖြစ်ခြင်း၊ (၂) နည်းပညာကြောင့် လှိုင်းများဖြစ်ပေါ်နိုင်ခြင်း၊ (၃) ကတ္တရာခင်းတဲ့အခါမှာ အထူအပါးမညီမျှမှုနှင့် မူလရှိနေတဲ့ ကွန်ကရစ်လှိုင်းဖြစ်နေသော မျက်နှာပြင်ကို ညီညာအောင်မပြုပြင်ဘဲ ခင်းသည့်အတွက် လှိုင်းများဖြစ်ပေါ်ပျက်စီးခြင်း၊ (၄) စက်၊ ယာဉ်ယန္တရားများရဲ့အားနည်းချက်ကြောင့် လှိုင်းများဖြစ်ပေါ် နိုင်ခြင်း၊ (၅) အောက်ခံ ၁၈ လက်မထု ထူသော Rigid Pavement ပေါ်တွင် AC ခင်းတဲ့နေရာမှာ AC ၏ Mixed Design နှင့် Pavement Design တို့ရဲ့ အားနည်းချက်ကြောင့်လည်း ဖြစ်ပေါ် နိုင်ခြင်း စသည့်အချက်များ ငါးချက်ရှိပါတယ်။

(၁)အချက်အနေနဲ့ ကတ္တရာအရည်အသွေးကြောင့် လှိုင်းနှင့်အပေါက်များဖြစ်တယ်ဆိုတာကို လည်း ဝန်ခံတင်ပြအပ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ AC ခင်းထားတဲ့အပိုင်းမှာ

ရာခိုင်နှုန်းအားဖြင့်ပြောရလို့ရှိရင်တော့ အင်မတန်နည်းတဲ့ ရာခိုင်နှုန်းပဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ AC ခင်းနိုင်ပါသေးတယ်။ တစ်နိုင်ငံလုံးရဲ့ လမ်းတွေသည် Penetration Macadam လို့ခေါ်တဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်က အသုံးပြုခဲ့တဲ့စနစ်ကို အခုအချိန်ထိ သုံးနေရတာဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံကို တင်သွင်းတဲ့ ကတ္တရာအားလုံးဟာ Penetration Macadam စနစ်နဲ့ ကိုက်ညီတဲ့ (၈၀/၁၀၀)ကတ္တရာအမျိုးအစားကို တင်သွင်းပြီးအသုံးပြုခဲ့တာဖြစ်ပါတယ်။ ကတ္တရာ အမျိုးအစား ငါးမျိုးရှိတဲ့အနက်မှာ (၈၀/၁၀၀) ကတ္တရာသည် ကတ္တရာငါးမျိုးထဲမှာ အပျော့ပျောင်းဆုံး ကတ္တရာဖြစ်ပါတယ်။ (၈၀/၁၀၀) ကတ္တရာကို အရည်ကျိုလျှင် ကတ္တရာရေဆူမှတ်ဖြစ်တဲ့ ၁၆၅ ဒီဂရီစင်တီဂရိတ်ကို အမြန်ဆုံးရောက်ရှိနိုင်တဲ့ ကတ္တရာအမျိုးအစားဖြစ်ပြီး ကျောက်တွေကြားထဲကို စိမ့်ဝင်ဖို့အတွက် အမြန်ဆုံးရရှိနိုင်တဲ့ (၈၀/၁၀၀)ကတ္တရာကိုသာ တစ်နိုင်ငံလုံးမှာ ယခုလက်ရှိ အသုံးပြု လျက်ရှိပါတယ်။ ယခု အမြန်လမ်းမှာလည်း နိုင်လွန်ကတ္တရာ စခင်းတဲ့နှစ်တွေမှာ (၈၀/၁၀၀) ကတ္တရာ ကို AC မှာ အသုံးပြုခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း နေပြည်တော်၊ ရာဇသိင်္ဂဟလမ်း၊ တောင်ညိုလမ်း စသည့်ဒီလမ်းမကြီးတွေမှာ AC တွေခင်းခဲ့တဲ့နေရာမှာ ဒီ Design ဟာ Mixed Design ဟာ ကျွန်တော်တို့ပဲ Mixed Design တွက်ချက်ပေးခဲ့ပါတယ်။ တွက်ချက်တဲ့နေရာမှာ စခင်းတဲ့အချိန်မှာလည်းပဲ ရာဇသိင်္ဂဟလမ်းနှင့် တောင်ညိုလမ်းတို့မှာ တွန့်ခြင်းဖြစ်လာပါတယ်။ တွန့်ခြင်း၊ ပေါက်ခြင်းဖြစ်တဲ့အတွက် အဲဒါတွေကို Research လုပ်ကြည့်တဲ့အခါကျတော့ (၈၀/၁၀၀) ကတ္တရာကြောင့်ဆိုတဲ့ အပြစ်ကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ အခု နေပြည်တော်မှာ ဆောင်ရွက် နေတဲ့ ကုမ္ပဏီများရော အမြန်လမ်းမှာဆောင်ရွက်နေတဲ့ အထူးအဖွဲ့တွေအားလုံးကို AC ခင်းတဲ့နေရာ မှာ (၈၀/၁၀၀) ကတ္တရာအစား (၆၀/၇၀)ကတ္တရာကို ပြောင်းလဲခင်းဖို့အတွက် ညွှန်ကြားချက်ထုတ်ပြီး ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ခင်းနေတဲ့ လမ်းတွေအားလုံး Grouting စနစ်နဲ့ခင်းတဲ့ ကတ္တရာတွေ လုပ်ငန်းလမ်းတွေအားလုံး (၈၀/၁၀၀) ကတ္တရာအမျိုးအစားက သင့်လျော်သော်လည်းပဲ AC ခင်းတဲ့နေရာမှာတော့ (၆၀/၇၀)ကတ္တရာအမျိုးအစားဖြင့် ပိုမိုသင့်လျော်တဲ့အတွက် (၆၀/၇၀) ကတ္တရာကို အသုံးပြုဖို့အတွက် ညွှန်ကြားထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ (၂)အချက်အနေနဲ့ကတော့ နည်းပညာကြောင့် လှိုင်းများဖြစ်ပေါ်ပျက်စီးမှုတွေ ဖြစ်နိုင်တာလည်း မှန်ပါတယ်။ ကျွန်တော်တို့သုံးတဲ့ AC Mixed Design က တစ်ကမ္ဘာလုံးမှာ အသုံးပြုနေတဲ့ AASHTO Design ကို သုံးတာဖြစ်တဲ့အတွက် ပြဿနာ မရှိသော်လည်းပဲ အဲဒီ Mixed Desigen ကို ထည့်သွင်းအသုံးပြုတဲ့ စက်တွေက ကျွန်တော်တို့ ဆီမှာတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၊ ၃၀ ကျော်လောက်က သုံးခဲ့တဲ့ AC Plant နဲ့ AC ခင်းစက်တွေကို လက်ရှိအချိန်အထိ အသုံးပြုနေတာဖြစ်ပြီးတော့ အဲဒီစက်တွေကို အသေးစားပြင်ဆင်မှုများသာ ပြုလုပ်ပြီးတော့ သုံးနေရတာဖြစ်တဲ့အတွက် စက်မှာပါတဲ့ ချိန်တွယ်စက်ရဲ့ စံနှုန်းမကိုက်ညီမှုတွေကြောင့် လည်း AC Mixed Desigen အပြောင်းအလဲတွေဖြစ်နိုင်ပါတယ်။ ၎င်းအပြင် အပူချိန် ၁၆၅ ဒီဂရီစင်တီဂရိတ်နဲ့ ကျိုထားတဲ့ကတ္တရာကို သယ်သွားတဲ့အချိန်မှာ Transport ကြောင့်သော်လည်း ကောင်း၊ Traffic ကြောင့်သော်လည်းကောင်း Temperature Drop ကို ၂၀ ရာခိုင်နှုန်း Design

မှာခွင့်ပြုထားပါတယ်။ သို့သော်လည်းပဲ ၎င်းရာခိုင်နှုန်းထက်ကျော်ပြီး Temperature Drop ဖြစ်လာလို့ရှိရင်တော အရည်အသွေးပြည့်မီတဲ့ Pavement Texture တွေကို မရနိုင်တော့ပါဘူး။

ဒါကြောင့်မို့လို့ အချို့နေရာတွေမှာ သယ်ယူပို့ဆောင်ရတာဝေးတာကြောင့်လည်းကောင်း၊ သယ်ယူပို့ဆောင်တဲ့နေရာမှာအကြောင်းအမျိုးမျိုးကြောင့်လည်းကောင်း Temperature Drop ဖြစ်လို့လည်းပဲ ပျက်စီးရခြင်းဖြစ်ပါတယ်။ ယခုဆိုရင်တော့ ပုဂ္ဂလိကလုပ်ငန်းများမှာရော ဆောက်လုပ်ရေး လုပ်ငန်းများမှာရော ကတ္တရာအပူချိန်ကို စစ်ဆေးမယ့် Thermometer တွေကို ဆောင်ထားစေပြီးတော့ Temperature ၂၀ ရာခိုင်နှုန်းထက်ကျော်တဲ့ Mixture တွေကို အသုံးမပြုဘဲနဲ့ မူလ Plant ကို ပြန်လွှတ်ပြီး အဲဒီမှာ Reject လုပ်ဖို့အတွက်ကို အားလုံးကို ညွှန်ကြားထားပြီးဖြစ်ပါတယ်။

(၃)အချက်အနေနဲ့ ထပ်မံတင်ပြရမယ်ဆိုရင် နိုင်ငံတကာမှာ လမ်းကို ကွန်ကရစ်ခင်းပြီးတာနှင့် တစ်ပြိုက်နက်တည်းမှာ AC ထပ်ပိုးလွှာ အပေါ်ကနေ ထပ်ခင်းလိုက်တာဖြစ်တဲ့အတွက် ကွန်ကရစ်ရဲ့ Wave Length နဲ့ AC ရဲ့ Wave Length က တစ်ထပ်တည်း တစ်သားတည်းကျခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ၂၀၀၅-၂၀၀၆ လောက်က ခင်းခဲ့တဲ့ ကွန်ကရစ်လမ်းကြီးကို ၁၀ နှစ် လောက်ကြာမှ အပေါ်ကနေ AC ထပ်ခင်းရတဲ့အတွက် ကွန်ကရစ်ရဲ့ Wave Length နဲ့ အပေါ်က AC ရဲ့ Wave Length အနေအထားမတူတဲ့အတွက်ကြောင့် ကတ္တရာတွန့်ခေါက်ခြင်းတွေ ဖြစ်နိုင်ပါတယ်။ ယခုဆိုရင်တော့ AC ကတ္တရာလှိုင်းတွန့်ခြင်း၊ ပေါက်ခြင်းတို့နှင့်ပတ်သက်ပြီး Research ပြုလုပ်ပြီးဖြစ်တဲ့အတွက် AC ခင်းမယ်ဆိုရင်တော့ ပထမဦးဆုံး Regulate တစ်လွှာကို အရင်ဆုံးခင်းပြီးမှ AC ကို အပေါ်က ထပ်ခင်းပေးပါရန်နှင့် ၅၀ မီလီမီတာ အပြည့် Design လုပ်ဖို့မှာထားပါတယ်။ ပါးပါးနဲ့ရှည်ရှည်ခင်းမယ့်အစား ထူထူနဲ့ခင်းဖို့ Regulate တစ်လွှာထပ်ထည့်ဖို့အတွက် Design ပြောင်းလဲဖို့ကိုလည်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ (၄) အချက်အနေနဲ့ တင်ပြရမယ်ဆိုရင်တော့ စက်၊ ယာဉ်ယန္တရားနဲ့ပတ်သက်ပြီးတော့ (၂)မှာ ထည့်သွင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ သုံးတဲ့စက်၊ ယာဉ်ယန္တရားတွေဟာ နှစ်ပေါင်းများစွာက စက်၊ ယာဉ်ယန္တရားတွေဖြစ်ပြီး လုပ်ငန်းခွင်အခြေအနေအရ အသေးစားပြင်ဆင်မှုဖြင့်သာ အသုံးပြုခဲ့တဲ့အတွက် စက်၊ ယာဉ်ယန္တရားတွေရဲ့ အားနည်းချက်ကြောင့်လည်း ပျက်စီးမှုတွေဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့လိုချင်တဲ့ Level ဆိုတာက စက်၊ ယန္တရား Paver မှာက Level ညှိထားပြီးသားဖြစ်ပါတယ်။ တကယ်တော့ အဲဒီ Level ညှိတဲ့ Sensor ဟာ နောက်ပိုင်းမှာ Computerized နဲ့ သွားတာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ Computerized စနစ်ကို မသုံးနိုင်သေးဘဲနဲ့ Manual စနစ်နဲ့ ဒီစက်အဟောင်းတွေကိုပဲ လူနဲ့ ကျွန်တော်တို့က ညှိပြီးတော့ အထူအပါးခင်းတဲ့စနစ်ကို ကျွန်တော်တို့ သုံးနေရတဲ့စက်၊ ယန္တရားတွေပဲ ဖြစ်ပါသေးတယ်။ တဖြည်းဖြည်းချင်းတော့ ကျွန်တော်တို့ ခေတ်မီစက်ယန္တရားတွေနဲ့ လဲလှယ်သွားဖို့အစီအစဉ်တွေလည်း ရှိပါတယ်။

နောက်ဆုံး (၅)အနေနဲ့က Rigid Pavement ဖြစ်တဲ့ Concrete Pavement နှင့် Flexible Pavement ဖြစ်တဲ့ AC Pavement တို့ရဲ့ နှစ်ခုရဲ့အချိန်ကာလခြားပြီး ခင်းရတာနဲ့ပတ်သက်ပြီးတော့ (၃)မှာ ရှင်းလင်းခဲ့ပါတယ်။ Rigid Pavement အပေါ်မှာ Flexible Pavement ခင်းတဲ့နေရာမှာ

Rigid Pavement တွေအနေနဲ့ လက်ရှိအခြေအနေမှာရှိတဲ့ Existing Ground ကို Chain by Chain ပေ ၁၀၀ ချင်းအလိုက် တိုင်းတာပြီးမှ AC ကို General Mixed Design မျိုးပေးတာ မဟုတ်ဘဲနဲ့ ပေ ၁၀၀ ချင်းပေါ်မှာ ကွာခြားတဲ့အခြေအနေပေါ်မှာမူတည်ပြီးတော့ Mixed Design တွေကို ပြောင်းလဲပေးဖို့အတွက် လက်ရှိကွန်ကရစ်သားအခြေအနေအတိုင်း Design ထုတ်ပေးဖို့ အတွက်ကိုလည်း Design ဌာနကို Design ဌာနအနေနဲ့ ရုံးခန်းထဲကနေ Design ထုတ်ပေးတာမျိုး မလုပ်ပါနဲ့။ ဒီကွင်းထဲမှာ သွားပြီးတော့ ပေ ၁၀၀ ချင်း Design ထုတ်ပေးပါဆိုပြီးတော့ ညွှန်ကြားထား ပြီးဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ ယခုလိုမျိုး မူလကွန်ကရစ်လမ်းပေါ်တွင် ကတ္တရာထပ်ပိုး လွှာတင်ရာ၌ ဖြစ်ပေါ်လာသည့် ပျက်စီးမှုအခြေအနေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဌာနရဲ့ အားနည်းချက်ကို ထောက်ပြဆွေးနွေးမေးမြန်းခဲ့တဲ့ ဒေါက်တာခင်မောင်မောင်ကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ကျွန်တော်တို့အနေနဲ့လည်း အားနည်းချက်တွေအားလုံးကို သင်ခန်းစာ ဖော်ထုတ်ပြင်ဆင်ပြီးတော့ AC ခင်းမယ့်လမ်းတွေကို ယခုထက်ပိုပြီးတော့ အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဟုမ္မလင်းမြို့နယ်အတွင်းရှိ ဗျူဟာလမ်းမကြီးပေါ်မှ နမ့်ပါတ်ကား-တောင်ချေရင်း-လယ်ဦး-နောင်ဖာမူ-တက်ခက်-နားနူး-မန်သက်-တပ်ကုန်း-ကိုးတောင်-ဆင်နှာမောင်းကျေးရွာများအထိ ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဆင့် တိုးမြှင့်ပေးရန်နှင့် လိုအပ်သောတံတားများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့် မေးခွန်းကတော့ ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ဗျူဟာလမ်းမကြီးပေါ်မှ နမ့်ပါတ်ကား-တောင်ချေရင်း- လယ်ဦး-နောင်ဖာမူ-တက်ခက်- နားနူး- မန်သက်-တပ်ကုန်း-ကိုးတောင်-ဆင်နှာမောင်း ကျေးရွာများအထိ ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဆင့်တိုးမြှင့်ပေးရန်နှင့် လိုအပ်သော တံတားများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက အဘယ်အတွက်ကြောင့် ရှိမည်ဆိုပါက မည်သည့်ဘတ်ဂျက်တွင် ထည့်သွင်းတည်ဆောက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးတဲ့ဒီလမ်းဟာ ဗျူဟာလမ်းမကနေပြီးတော့မှ ၂၃ မိုင်ခရီးရှိပါတယ်။ ကျွန်တော်မေးတဲ့လမ်းပေါ်မှာပါရှိတဲ့ကျေးရွာများဟာ နမ်ထိပ်ကွင်းချောင်းရိုးတလျှောက်မှာ ပါရှိနေပါတယ်။ နမ်ထိပ်ကွင်းချောင်းရိုးဟာလည်း ပို့ဆောင်ဆက်သွယ်ရေးအတွက် ဘာမှအသုံးပြုလို့မရပါဘူး။ ဒါကြောင့် အဲဒီဒေသမှာရှိတဲ့ ပြည်သူလူထုဟာ ခြေလျင်ပဲသွားလာနေကြရပါတယ်။ ၎င်းဒေသဟာ တချိန်က သစ်ထုတ်လုပ်တဲ့ဒေသဖြစ်တာကြောင့် သစ်ထုတ်လမ်းများဟာ ဦးတည်ရာမဲ့ရှိပါတယ်။ ဒါကြောင့် ရွာသားများဟာ ထိုသစ်ထုတ်လမ်းများကိုသာ အသုံးပြုပြီး သွားလာနေကြရတာဖြစ်ပါတယ်။

**မူကြမ်း**

နွေရာသီသုံးလလောက်သာ ဆိုင်ကယ်လမ်းဖြင့်သွားနိုင်ပြီး မိုးကျတာနှင့်တစ်ပြိုင်တည်း လမ်းပျက်သွားပြီး ခြေလျင်ပဲသွားလာနေရပါတယ်။ ဆိုင်ကယ်လမ်းသွားတာတောင်မှ လယ်ကန်သင်းရိုးတလျှောက် စီးနင်းပြီး သွားခဲ့ရတာဖြစ်ပါတယ်။ ၎င်းဒေသဟာ ဟုမ္မလင်းမှ မိုင် ၆၀ လောက်ဝေးတဲ့အတွက် မိုးရာသီဆိုလျှင် မြို့နဲ့အဆက်အသွယ်ပြတ်တောက်သွားပါတယ်။ မြို့ပြအုပ်ချုပ်ရေးလက်တံမရောက်ရှိနိုင်လောက်အောင် အလှမ်းဝေးတဲ့နေရာမှာရှိနေပါတယ်။ အနီးဆုံးအပိုင် နောင်ဖာမူရဲစခန်းတွင် အဲဒီဒေသကနေ မိုင် ၄၀ လောက်ဝေးကွာပါတယ်။ ထိုဒေသမှာရှိတဲ့ကျေးရွာခေါင်းဆောင်အချို့ဟာ ဟုမ္မလင်းမြို့သို့ ရောက်ရှိဖူးခြင်းမရှိတာကိုလည်း တွေ့ရှိရပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ထိုကျေးရွာရှိပြည်သူများ၏ လူနေမှု၊ စီးပွားရေး၊ ကျန်းမာရေး အစစအရာရာနိမ့်ကျနေတာကို တွေ့ရှိခဲ့ရပါတယ်။ ဒီနမ်ထိပ်ကွင်းချောင်းရိုးတလျှောက်မှာ မဖော်ထုတ်ရသေးတဲ့ လွင်ပြင်ဒေသများစွာ ရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါပေမဲ့ စိုက်ပျိုးရေးကိုတော့ အားသွန်ခွန်စိုက်လုပ်ကိုင်ခြင်းမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီဒေသမှာရှိတဲ့ထွက်ကုန်တွေကို နောင်ဖာမူ-ဟုမ္မလင်းဈေးများကို ပို့ဆောင်ဖို့အတွက် ကုန်ထုတ်လမ်းမရှိတဲ့အတွက်ကြောင့်ဖြစ်တယ်လို့ ယူဆမိပါတယ်။ မြို့ပြအုပ်ချုပ်ရေးနှင့် အလှမ်းဝေးရာဒေသဖြစ်တာကြောင့် မူးယစ်ဆေးသယ်ရာလမ်းကြောင်းအဖြစ် အသုံးပြုနေတာလည်း တွေ့ရှိရပါတယ်။ ကျေးရွာသားအများစုမှာလည်း မူးယစ်ဆေးစွဲသူများအဖြစ် တွေ့ရှိခဲ့ရပါတယ်။ ထိုဒေသကို အဘက်ဘက်မှ တိုးတက်လာအောင် မြို့ပြအုပ်ချုပ်လက်လှမ်းမီနိုင်စေရန်အတွက် မြို့ပြနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် လိုအပ်ပါတယ်။ ဤလမ်းခရီးမှာ ချောင်းဖြတ်များ ခဏခဏဖြတ်နေရတာဖြစ်တဲ့အတွက် တံတားများလည်း ထိုးပေးရမှာဖြစ်ပါတယ်။ ကျွန်တော် ရောက်တိုင်းလည်း ပြည်သူများက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ပေးဖို့ တောင်းဆိုကြပါတယ်။ အကယ်၍ လမ်းတံတားများဖောက်လုပ်ပေးမည်ဆိုပါက ပထမဦးစွာ ကနဦးစူးစမ်းမှုပြုလုပ်သင့်ပါတယ်လို့လည်း အကြံပေးချင်ပါတယ်။ ဤလမ်းကို မြို့နယ်၊ ခရိုင် ကျေးလက်လမ်းဦးစီးနဲ့ဆက်သွယ်ပြီး ဆောင်ရွက်ပေးနိုင်ဖို့ တောင်းဆိုဆွေးနွေးခဲ့ဖူးပါတယ်။ ၎င်းတို့ဘတ်ဂျက်အနေနဲ့ မဖြစ်နိုင်ပါဘူးဆိုတဲ့အတွက် ပြည်သူ့လွှတ်တော်တွင် အားကိုးမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်မှ မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ဗျူဟာလမ်းမကြီးပေါ်မှ နမ့်ပါတ်ကား-တောင်ချေရင်း-လယ်ဦး-နောင်ဖာမူ-တက်ခက်-နားနူး-မန်သက်-တပ်ကုန်း-ကိုးတောင်-ဆင်းနှာမောင်းကျေးရွာများအထိ ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဆင့်တိုးမြှင့်ပေးရန်နှင့် လိုအပ်သောတံတားများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက အဘယ်အတွက်ကြောင့်၊ ရှိမည်ဆိုပါက မည်သည့်ဘတ်ဂျက်တွင် ထည့်သွင်းတည်ဆောက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ

ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ဗျူဟာလမ်းမကြီးမှ နမ့်ပါတ်ကား-တောင်ချေရင်း-လယ်ဦး- နောင်ဖာမူ- တက်ခက်- နားနူး- မန်သက်-တပ်ကုန်း-ကိုးတောင်-ဆင်နှာမောင်ကျေးရွာများသို့ ဆက်သွယ်သောလမ်းသည် မြေသားလမ်းဖြစ်ပြီး လမ်းအရှည် ၂၇ မိုင်ရှိပါတယ်။ အဆိုပါမြေသားလမ်းသည် ခန္တီး-ဟုမ္မလင်းလမ်းမကြီးနှင့် ဆက်သွယ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့်(၁)တွင် ပါဝင်ပါတယ်။ အဆိုပါမြေသားလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၁၂၀၀၊ လူဦးရေ ၅၀၀၀ ကျော်ကို အကျိုးပြုမည်ဖြစ်ပါသဖြင့် ကျောက်ရောမြေလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ကွန်ကရစ်တံတား ၂၅၀ ပေ နှစ်စင်းနှင့် Box Culvert ခုနစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ကျမှ ရန်ပုံငွေများ တင်ပြသွားမည်ဖြစ်ပြီးတော့ ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ကြံခင်းမြို့နယ်အတွင်းရှိ Class(A)အဆင့်သတ်မှတ်ပြီး လမ်းမကြီးအား ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲရန်နှင့် ပျက်စီးနေမှုအား မည်သည့်ဘဏ္ဍာနှစ်တွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စတင်တာဝန်ယူဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာထွန်လင်းမော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာထွန်းလင်းမော်(ကြံခင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်လင်းမော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြံခင်းမြို့နယ်အတွင်းမှာရှိတဲ့ Class(A)အဆင့်သတ်မှတ်ပြီး လမ်းမကြီးတစ်ခုနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအား မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော့်အား Power Point သုံးခွင့်ပြုပါခင်ဗျား။ အုတ်တွင်း-ရေနံတောင်-ထိန်ပင်မြောင်လမ်းဟာ ယခင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူစီမံခန့်ခွဲရတဲ့လမ်းဖြစ်ပြီး အရှည် ၁၃.၂၅ မိုင်ရှိပါတယ်။ ဒီလမ်းပိုင်းကို ကြံခင်း-ဘက်ရဲကားလမ်း ရေနံမြေလမ်းခွဲမှစတင်၍ ထိန်ပင်မြောင်ရွာထိပ် ပုသိမ်-မုံရွာကားလမ်းအထိ ၁၉၉၀ ခုနှစ်က မြို့နယ်တာဝန်ရှိသူများနဲ့ ကျေးရွာလူထုအင်အားနဲ့ပေါင်းစပ်ကာ ဖောက်လုပ်ခဲ့ပါတယ်။ ဒီလမ်းကို အမည်ပြုသုံးစွဲရတဲ့ ကျေးရွာအုပ်စုငါးစု၊ အိမ်ခြေ ၄၂၈၇ အိမ်နဲ့ လူဦးရေ ၁၆၄၄၀ ရှိပါတယ်။ ဒေသခံပြည်သူတွေဟာ ဒီလမ်းပိုင်းကို အသုံးပြုပြီးတော့ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စတွေအတွက် ကြံခင်းမြို့၊ သရက်မြို့တို့ကို သွားလာရပါတယ်။ ဒါကတော့ ယခုနှစ်မိုးရာသီမှာ လမ်းဆိုးရွားစွာပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ဒါလည်းပဲ လမ်းပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒေသခံပြည်သူတွေ နှစ်တိုင်းကိုယ်ထူကိုယ်ထနဲ့ ချောင်းကျောက်ခင်းဖို့လုပ်နေကြတာဖြစ်ပါတယ်။ ဒါက ဒေသခံပြည်သူတွေကိုယ်ထူကိုယ်ထနဲ့ ချောင်းကျောက်တွေချပြီးတော့ လမ်းပြင်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ဒေသခံပြည်သူတွေတင်မကဘူး ဆရာတော်တွေပါ လမ်းကောင်းဖို့အတွက်ကို ဒီလမ်းမှာပူးပေါင်းလုပ်ဆောင်

နေရတဲ့ပုံဖြစ်ပါတယ်။ ချောင်းကျောက်ကို ဒီလမ်းပိုင်းနဲ့ပတ်သက်လို့ တစ်နှစ်ကိုသိန်းရာကျော်ခင်းပြီးတော့ ပြုပြင်သော်လည်းပဲ လမ်းက လမ်းမိုင်ရှည်လျားခြင်း၊ အသုံးပြုမှုများပြားခြင်းတို့ကြောင့် လိုအပ်တဲ့အဆင့်ကို ကောင်းမွန်ခြင်းမရှိတာကိုတွေ့ရပါတယ်။ ဒီလမ်းက နည်းပညာပါလိုအပ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။

ဒီလမ်းပိုင်းနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ လွှဲပြောင်းရယူရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်မပြမေးခွန်းမေးမြန်းခဲ့ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆက်လက်တာဝန်ယူဆောင်ရွက်ခြင်းက ပိုမိုသင့်လျော်တယ်လို့ ပြန်ကြားချက်ရခဲ့ပါတယ်။ တစ်ဖန် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ယင်းလမ်းပိုင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်မပြမေးခွန်းထပ်မံမေးမြန်းခဲ့ရာ လမ်းအဆင့်သတ်မှတ်ချက် Class(A) တွင်ပါဝင်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မတိုင်မီ ရန်ပုံငွေတင်ပြတောင်းခံပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမယ်လို့ ပြန်ကြားချက်ရရှိခဲ့ပါတယ်။ ယင်းလမ်းပိုင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလ ခြောက်လဘတ်ဂျက်ငွေလုံးငွေရင်းအသုံးစရိတ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များခေါင်းစဉ်မှာ ကွန်ကရစ်လမ်း ခန့်မှန်းတန်ဖိုး ကျပ်သန်း ၅၃၀.၁၁၂ ဖြင့် အဆိုပြုပါဝင်လာခဲ့ပြန်ပါတယ်။ သို့သော်လည်းပဲ စိစစ်ဖြတ်တောက်မှုတွေအပြီးမှာ ခြောက်လဘတ်ဂျက်တွင်ပါဝင်လာခြင်းမရှိတော့ပါဘူး။ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရဲ့လုပ်ငန်းစဉ်များ လျာထားစာရင်းမှာလည်း ပါဝင်လာခြင်းမရှိတာကို တွေ့ရပါတယ်။ ဒီလမ်းပိုင်းဟာ ကြံခင်းမြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မြေရဲ့ အဓိကကျဆုံး ဆက်သွယ်ရေးလမ်းဖြစ်လို့ ဒေသခံပြည်သူများရဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ပတ်သက်တဲ့ အဓိကလိုအင်ဆန္ဒလည်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမေးခွန်းတွေဖြစ်လာဖို့အတွက် ကျွန်တော့်အနေနဲ့ ဒေသခံပြည်သူတွေနဲ့ တွေ့ဆုံပွဲမှာ ဒေသခံပြည်သူတွေတင်ပြလာတဲ့ လိုအပ်ချက်တွေကို ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ကွင်းဆင်းလေ့လာပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ မူဝါဒများနဲ့ အကိုက်ညီဆုံးအချက်တွေကိုရွေးပြီးတော့ အဖြစ်နိုင်ဆုံးမေးခွန်းတွေကို မေးမြန်းရပါတယ်။ ဖြေကြားချက်တွေကိုလည်း ပြည်သူတွေကို ပြန်လည်ရှင်းပြရပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနအား ဒေသခံပြည်သူများကိုယ်စား အောက်ဖော်ပြပါမေးခွန်းအား မေးမြန်းအပ်ပါတယ်ခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ကြံခင်းမြို့နယ်အတွင်းရှိ Class(A)အဆင့်သတ်မှတ်ပြီး အုတ်တွင်း-ရေနံတောင်-ထိန်ပင်မြှောင်လမ်းမကြီးအား ဘတ်ဂျက်တွင်ထည့်သွင်းရေးဆွဲရန်နှင့် ပျက်စီးနေမှုအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စတင်တာဝန်ယူဆောင်ရွက်ပေးမည်ကိုသိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်မှ မေးမြန်းထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကြံခင်းမြို့နယ်အတွင်းရှိ Class(A)အဆင့်သတ်မှတ်ပြီး လမ်းမကြီးအား ဘတ်ဂျက်တွင်ထည့်သွင်းရေးဆွဲရန်နှင့် ပျက်စီးနေမှုအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စတင်တာဝန်ယူဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကြံခင်းမြို့နယ်အတွင်းရှိ အုတ်တွင်း-ရေနံတောင်-ထိန်ပင်မြောင်ကျေးရွာချင်းဆက်လမ်းသည် မြေသားလမ်းဖြစ်ပြီး အရှည် ၁၄ မိုင် ၂ ဖာလုံခွဲရှိပါတယ်။ အဆိုပါလမ်းအား စည်ပင်သာယာရေးဦးစီးဌာနမှ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အထိ ကျောက်ချောလမ်းနှစ်မိုင်ဖောက်လုပ်ပေးခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းနှစ်မိုင်ကို ဖောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်လမ်းပိုင်းများမှာ မြေသားလမ်းအဆင့်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ လမ်းအဆင့်မြှင့်တင် ဖောက်လုပ်ပြီးစီးပါက ကျေးရွာအုပ်စုငါးစု၊ ကျေးရွာပေါင်း ၃၄ ရွာ၊ အိမ်ခြေ ၄၁၇၇ အိမ်၊ လူဦးရေ ၁၅၉၀၀ ကို အကျိုးပြုမှာဖြစ်ပြီး အဆိုပါဒေသမှ ပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ဘက်ရဲလမ်းမှတစ်ဆင့် ပုသိမ်-မုံရွာလမ်းမကြီးသို့လည်းကောင်း၊ ကြံခင်းမြို့သို့လည်းကောင်း ဆက်သွယ်သွားလာနိုင်မှာဖြစ်ပါတယ်။ အထက်တွင်တင်ပြခဲ့တဲ့ အုတ်တွင်း-ရေနံတောင်-ထိန်ပင်မြောင်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက် Class(A)မှာ ဦးစားပေး(၁)တွင်ပါဝင်သောလမ်းဖြစ်ပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာထွန်းလင်းမော်(ကြံခင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ပြည့်ပြည့်စုံစုံဖြေပေးတဲ့ ဒုတိယဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းဆောင်ရွက်မှာဖြစ်တဲ့အတွက်ကြောင့် ဘဏ္ဍာရေးနှစ်ဟာ စက်တင်ဘာလမှ စတင်ရမှာပါ။ ကျွန်တော်ဘက်မှာက ဇွန်လ၊ ဇူလိုင်လဆိုရင် မိုးရွာတဲ့အခါမှာ လမ်းတွေက စပြီးတော့ ပျက်စီးမှုတွေဖြစ်နေပါပြီ။ အဲဒီအတွက်ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးတာကတော့ ဒါ ပုံမှန်ဆောင်ရွက်တာအပြင် ဒီ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မတိုင်ခင် မိုးမကျခင်မှာကော လမ်းနဲ့ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ပြင်ဆင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါသဖြင့် ဆက်စပ်မေးခွန်းမေးအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုမေးခွန်းကတော့ ဒီ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်က ဘဏ္ဍာငွေတင်ပြတောင်းခံပြီး အဆင့်မြှင့်တင်ပါမယ်။ အခု ကိုယ်စားလှယ်ကြီးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတိုင်ခင် အခုလောလောဆယ် တစ်ခုခုလုပ်ပေးပါဆိုပြီး တောင်းဆိုတဲ့သဘောဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဌာနကို ပြန်ရောက်တဲ့အချိန်မှာ ဒီဌာနက အကြီးအမှူးအစည်းအဝေးကျင်းပပြီးတော့ ကျွန်တော်တို့ရဲ့ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေနဲ့ ဆောင်ရွက်ပေးနိုင်တယ်ဆိုရင် ဆောင်ရွက်ပေးနိုင်တဲ့အခြေအနေကို ကိုယ်စားလှယ်တော်ကြီးထံကို ကျွန်တော်တို့ တိုက်ရိုက်အကြောင်းကြားပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ်။

**အိမ်မဲမြို့နယ်ရှိ ကျွဲလမ်း-ကမ်းနားထိန်ငူလမ်းကို ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါရှင်။ ကျွန်မကတော့ အိမ်မဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာဖြစ်ပါတယ်။ ကျွန်မမေးမယ့်မေးခွန်းကတော့ အိမ်မဲမြို့နယ်မှာရှိတဲ့ ကျွဲလမ်း-ကမ်းနားထိန်ငူလမ်းကို ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့ ကျေးလက်လမ်းတွေတာဝန်ယူပြီးတဲ့နောက်ပိုင်းမှာ Class(A)ကို ပထမဦးစားပေးအနေနဲ့ စတင်ဆောင်ရွက်မယ်ဆိုတဲ့ မူဝါဒမျိုးထွက်လာပါတယ်။ အခုကျွန်မမေးမယ့်လမ်းကတော့ Class(B)အဆင့်လမ်းဖြစ်ပါတယ်။ သို့သော် အိမ်မဲမြို့နယ်ဟာ အင်မတန်ဖွံ့ဖြိုးမှုနောက်ကျသေးတဲ့ မြို့နယ်လေးဖြစ်ပါတယ်။ Class(A)မှာလည်း အင်မတန်ဆိုးရွားနေတဲ့လမ်းတွေ အများကြီးရှိပါတယ်။ သို့သော် ဘာဖြစ်လို့ Class(B)လမ်းကို တောင်းရသလဲဆိုလို့ရှိရင် အခုကျွန်မတောင်းမယ့် ကျွဲလမ်း-ကမ်းနားထိန်ငူလမ်းဟာ မြို့ပေါ်ရပ်ကွက် နှစ်ခုဖြစ်တဲ့ အိမ်မဲကြီးရပ်ကွက်၊ အထက်ပိုင်းရပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်နေတဲ့ မြို့နှင့်နီးကပ်နေတဲ့ လမ်းလေးဖြစ်ပါတယ်။ အဲဒီအခါကျတော့ မြို့ပေါ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးလက်ကဖွံ့ဖြိုးတိုးတက်မှုက မိုးနဲ့မြေလိုကွာခြားနေတဲ့အတွက် ကျွန်မဒီလမ်းကို ဦးစားပေးပြီးတော့ Class(B)ဖြစ်သော်လည်း ဦးစားပေးပြီးမေးရခြင်းပဲဖြစ်ပါတယ်။ အခုအစိုးရသစ်ရဲ့ မူဝါဒက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်မီးတွေရရှိဖို့အတွက် ဆောင်ရွက်နေတာဖြစ်လို့ မြို့ပေါ်နှင့်ရပ်ကွက်ကျေးရွာဟာ ဒီလောက်နီးကပ်နေရဲ့သားနဲ့ ဒီလောက်ဖွံ့ဖြိုးမှု ကွာဟနေတာမဖြစ်သင့်တဲ့အတွက် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ တကယ်တော့အခု မေးမယ့်ကျွဲလမ်း-ကမ်းနားထိန်ငူလမ်းဟာ Class(B) လမ်းဖြစ်တယ်။ လမ်းအရှည် ၁

မိုင် ၃ ဖာလုံခန့်ရှိတယ်။ လမ်းအရှည် ၁၀ ပေလောက်ရှိပါတယ်။ ကြားမှာရေပြွန်တွေ ၃၊ ၄ ခု လောက်ရှိပေမဲ့ ကျိုးပြတ်နေပါပြီ။ ပိုပြီးထင်ရှားစေရန်အတွက် Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါကတော့ ကျွန်မတို့ အိမ်မဲကျွဲလမ်း-ကမ်းနားထိန်ငူလမ်း ဖြစ်ပါတယ်။ အဲဒီမှာကတော့ ကမ်းနားထိန်ငူနဲ့ ကုန်းထိန်ကူဆိုတဲ့ ရွာလေးနှစ်ရွာရှိပါတယ်။ ဒါကတော့ ကုန်းထိန်ကူကိုသွားတဲ့ လမ်းဖြစ်ပါတယ်။ အဲဒီမှာလမ်းတစ်ဝက်လောက်ကတော့ ကျောက်ကြမ်းလမ်းဖြစ်ပါတယ်။ ကျန်တဲ့လမ်းကတော့ ကိုယ်ထူကိုယ်ထနဲ့ ကျွန်မတို့ သိန်း ၁၀၀၀ ဘတ်ဂျက်ကနေ ပေးထားတဲ့ မြေသားလမ်းလေးဖြစ်ပါတယ်။ ဒါကတော့ အဲဒီကျွဲလမ်းကျေးရွာအဝမှာရှိတဲ့ ကျောက်ကြမ်းလမ်းပါ။ သို့သော် ဒီကျောက်ကြမ်းလမ်းမှာလည်း တချို့ပေါက်ပြဲနေတဲ့ နေရာတွေလည်းရှိပါတယ်။ ဒါကတော့ ဟိုဘက်ကမ်းနားထိန်ငူဘက်သွားတဲ့လမ်းဖြစ်ပါတယ်။ ဒီနေရာမှာ အမြဲတမ်းကျွန်မတို့ မိုးရာသီတိုင်း ရေအမြဲတမ်းလျှံတဲ့ ကမ်းနားထိန်ငူလမ်းကနေ ကျင်သက်ဆိုတဲ့ကျေးရွာဟာ အမြဲတမ်းကျွန်မတို့ဒါမိုးတွင်းရာသီမှာ နှစ်စဉ်နှစ်တိုင်း ရေမြုပ်တဲ့အတွက် အထောက်အပံ့ကူညီရေးအတွက် အမြဲတမ်းလူတွေသွားလာရတာဖြစ်ပါတယ်။ ဒီအတွက် ရာသီမရွေးသွားလာနိုင်ဖို့လမ်းအလွန်လိုအပ်ပါတယ်။ ဒီလမ်းဟာ ကျောင်းသားကျောင်းသူတွေ နေ့စဉ်သွားလာနေရပါတယ်။ လယ်လုပ်သား၊ ရေလုပ်သား၊ ကျပန်းအလုပ်သမားအများစုဖြစ်ပြီးတော့ မြို့ပေါ်သွားပြီး စီးပွားရှာစားကြရတာဖြစ်ပါတယ်။ သို့သော် ဒီလမ်းမှာ ရိတ်သိမ်းခြွေလှေ့စက်တွေ သွားတဲ့အတွက်ကြောင့်လည်း လမ်းပိုပြတ်နေတဲ့ သဘောတော့ရှိပါတယ်။ ကျန်းမာရေးအတွက်လည်း မြို့ပေါ်ဆေးခန်းတွေ၊ ဆေးရုံတွေသွားရတဲ့အတွက်ကြောင့် ရာသီမရွေးလမ်းဖြစ်ဖို့အတွက် အလွန်အဆင်ပြေမှာဖြစ်ပါတယ်။ ဒီလမ်းဟာ Class(B)ဖြစ်သော်လည်း ပြည်သူအတွက် အမှန်တကယ်လိုအပ်ချက်ဖြစ်တဲ့လမ်းဖြစ်တဲ့အတွက်ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာမှ မေးမြန်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်ရှိ ကျွဲလမ်း-ကမ်းနားထိန်ငူလမ်းကို ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်ရှိ ကျွဲလမ်း-ကမ်းနားထိန်ငူလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီးတော့ လမ်းအရှည် ၁ မိုင် ၃.၁၄ ဖာလုံရှိပါတယ်။ အဆိုပါလမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(B) ဦးစားပေးအဆင့်(၁)တွင် ပါဝင်ပြီး လက်ရှိအခြေအနေမှာ ကျွဲလမ်းကျေးရွာဘက်မှ ၂.၁၄ ဖာလုံသည် အကျယ် ၁၀ ပေရှိပြီး ကျောက်လမ်းအဆင့်ဖြစ်ပါတယ်။ ၎င်းလမ်းအား အဆင့်မြှင့်တင်ပြီးပါက ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၉၂၅ အိမ်၊ လူဦးရေ ၄၂၀၀ ခန့်တို့အား တိုက်ရိုက်အကျိုးပြုမှာဖြစ်ပါတယ်။ လက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်

ငွေလုံးငွေရင်းမှာ မပါဝင်သော်လည်းပဲ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေဖြင့် ၁ မိုင် ၃.၁၄ ဖာလုံအရှည်လေးကို ကျွန်တော်တို့ ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ထီးချိုင့်မြို့နယ်၊ အင်ဒေါင်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းမှာကတော့ ကျွန်တော့်မဲဆန္ဒနယ်၊ ထီးချိုင့်မြို့နယ်အတွင်းက အင်ဒေါင်းကျေးရွာအုပ်စု၊ အင်ဒေါင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ခြင်းကိစ္စနဲ့ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနအနေနဲ့ ကျေးလက်နေကျောင်းသားလူငယ်များ အခြေခံပညာကို ဆုံးခန်းတိုင်သင်ယူနိုင်အောင် ကျောင်းအဆင့်မြှင့်တင်ခြင်းကို အလေးထားဆောင်ရွက်နေတဲ့အတွက် ပုံမှန်ဆိုရင် အခုလိုကြယ်ပွင့်ပြမေးခွန်း မေးစရာမလိုအပ်ပါဘူး။ ဒါပေမဲ့ အခုမေးခွန်းပါကျေးရွာရဲ့ ပညာသင်ယူမှုအခွင့်အလမ်း နောက်ကျမကျန်ခဲ့အောင် လွှတ်တော်ဥက္ကဋ္ဌကြီးများအစဉ်တစိုက်မှာကြားနေတဲ့ Parliamentary Oversight သဘောအရ တင်ပြရခြင်းဖြစ်ပါတယ်။ အင်ဒေါင်းကျေးရွာအလယ်တန်းကျောင်း(ခွဲ)ကို ၂၀၁၂ ခုနှစ်မှ စတင်တိုးမြှင့်သင်ကြားခွင့်ရခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းအဆင့်တိုးမြှင့်တဲ့အခါ ထီးချိုင့်မြို့အတွင်း အ.ထ.က(ခွဲ)အဆင့်ခြောက်ကျောင်းနှင့် အ.လ.က အဆင့် ၁၇ ကျောင်း တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်။ ကျောင်းသားဦးရေနည်းသော်လည်း ပင်မအထက်ကျောင်းနှင့် အလွန်ဝေးကွာတဲ့အတွက် ကျေးလက်ဒေသနေကျောင်းသားလူငယ်များ အထက်တန်းပညာကို ထိုက်ထိုက်တန်တန်သင်ကြားနိုင်အောင် ဖြေလျှော့မှုများစွာနဲ့ အထက်တန်းကျောင်း(ခွဲ)များကို ဖွင့်လှစ်ခွင့်ပြုပေးခဲ့တဲ့ ဝန်ကြီးဌာနကို အထူးကျေးဇူးတင်ပါတယ်။ ဒီနေရာမှာ တိုးသင့်ပါတဲ့အချက်တွေရှိပါလျက် အဆင့်တိုးအခွင့်အရေးဆုံးရှုံးခဲ့လို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှင်းလင်းမြင်သာအောင်တင်ပြဖို့ Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့ အဆင့်တိုးမြှင့်ပြီး အ.ထ.က(ခွဲ)ကျောင်းများရဲ့ ကျောင်းသားအင်အားစာရင်းဖြစ်ပါတယ်။ အဲဒီမှာ ပေါက်ကုန်း အ.ထ.က(ခွဲ)ဆိုရင် စုစုပေါင်းကျောင်းသားဦးရေ ၁၇၁ ယောက်ရှိပြီး အလယ်တန်းအဆင့် ၇၂ ယောက်နဲ့ အဆင့်တိုးမြှင့်ပေးထားလို့ နယ်ကျောင်းသားတွေအစား အထူးကျေးဇူးတင်မိပါတယ်။ ယခုနှစ်တိုးတဲ့ အ.လ.က (၁၇)ကျောင်းထဲက တစ်ကျောင်းအပါအဝင်ဖြစ်တဲ့ ဒါကတော့ အင်ဒေါင်းကျေးရွာအုပ်စုထဲက ကျေးရွာခွဲဖြစ်တဲ့ လှည်းကူးကျောင်းဖြစ်ပါတယ်။ အလယ်တန်းကျောင်းသား ၁၁၆ ယောက်နဲ့ အလယ်တန်းအဆင့်တိုးပြီး အုပ်စုကျေးရွာကြီးဖြစ်တဲ့ အင်ဒေါင်းကျေးရွာက အလယ်တန်းကျောင်းသား ၂၂၅ ယောက်နဲ့ စုစုပေါင်း ၆၅၈ ယောက်ရှိပြီး

အဆင့်တိုးစာရင်းထဲမှာမပါခဲ့တာကို တင်ပြလိုခြင်းဖြစ်ပါတယ်။ လက်ရှိကျောင်းသားဦးရေဟာ တင်ပြခဲ့တဲ့ အ.ထ.က(ခွဲ)ကျောင်းအားလုံးထဲမှာ ကျောင်းသားဦးရေ ပိုနေပါတယ်။ စောစောက ၆၅၈ ဒီမှာဆိုလို့ရှိရင် ထီးချိုင့်မြို့နယ်မှာရှိတဲ့ အ.ထ.က(ခွဲ)ကျောင်းတွေအားလုံးထဲမှာ ၆၅၄ ဟာ အများဆုံးပါ။ သူ့ထက်ကို မတိုးသေးတဲ့ အ.လ.က(ခွဲ)က ပိုနေပါသေးတယ်။ ဒါကတော့ အင်ဒေါင်းကျေးရွာကနေ ပင်မ အ.ထ.က (ကြက်တကောင်)ကျောင်းကိုသွားရတဲ့ မြစ်ကူးချောင်းများကို ကြက်တကောင် ဆရာတော်ဘုရားဦးဆောင်ပြီး ကိုယ်ထူကိုယ်ထစနစ်နဲ့ ပေ ၅၇၀၀ ကျော်ရှည်တဲ့ ဆောက်လက်စ ကွန်ကရစ်တံတားပုံတွေဖြစ်ပါတယ်။ ဒါကတော့ ရေလယ်ဘက်ကနေ အင်ဒေါင်းကျေးရွာကိုမြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ လက်ရှိအင်ဒေါင်းကျေးရွာအုပ်စုနဲ့ ပင်မကြက်တကောင် ကျောင်းတို့တည်ရှိရာ မြေပုံဖြစ်ပါတယ်။ အင်ဒေါင်း-ကျောင်းလမ်း-လှည်းကူး-ကျို့ကုန်းကျေးရွာတွေဟာ တစ်အုပ်စုတည်းဖြစ်ပြီး အရှေ့ဘက်ကုန်းမြင့်မှာ တစ်ဆက်တည်းတည်ရှိ နေတာဖြစ်ပါတယ်။ ကြက်တကောင် အ.ထ.က ကိုသွားဖို့အခက်အခဲ အတူတူဖြစ်ပါတယ်။ အနီရောင်အဝိုင်းနဲ့အဝိုင်းကတော့ အဲဒါအင်ဒေါင်းအင်းကြီးဖြစ်ပါတယ်။ ဒီနေရာမှာ လှည်းကူးက အင်ဒေါင်းနဲ့ ကျောင်းနဲ့ပိုဝေးလို့ ကျောင်းအဆင့်တိုးရခြင်းဖြစ်တယ်လို့ ထင်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်ဒေါင်းကျောင်းအဆင့်မတိုးရခြင်းကို ခြေခြေမြစ်မြစ်လေ့လာလိုက်တဲ့အခါ ဝန်ကြီးဌာနအနေနဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး နှစ်မိုင်အထက်ဝေးကွာပါက အဆင့်တိုးပေးဖို့ ချွင်းချက်ပါပါတယ်။ ၂၀၁၆-၂၀၁၇ နဲ့ ၂၀၁၇-၂၀၁၈ အင်ဒေါင်းကျောင်းအဆင့်တိုးအမှုတွဲမှာ ၁.၅ မိုင်လို့ ယခင်တာဝန်ခံကျောင်းအုပ်က ဖော်ပြထားပါတယ်။ ယခင် အ.လ.က(ခွဲ)အဆင့်တိုးလျှောက်တုန်းက အကွာအဝေးကို သုံးမိုင်လို့တင်ခဲ့ပါလျက် ယခု အ.လ.က အဆင့်တိုးမှာမှ ၁.၅ မိုင်တင်ခဲ့လို့ အဆင့်မတိုးရခြင်းဖြစ်တယ်လို့ သုံးသပ်မိပါတယ်။ ဒီအခါ အင်ဒေါင်းအုပ်ချုပ်ရေးမှူးနဲ့ အကျိုးတော်ဆောင်အဖွဲ့ကို မြေပြင်အရှိ ကြိုးဆွဲတိုင်းခိုင်းတဲ့အခါ ၂.၁၈ မိုင်အတိရှိတာကို တွေ့ရပါတယ်။ ဒီနေရာမှာ အထူးတင်ပြလိုတာက သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများနဲ့ တာဝန်ခံကျောင်းအုပ်များရဲ့ အခန်းကဏ္ဍပဲဖြစ်ပါတယ်။ သူတို့ဖော်ပြတဲ့ကိန်းဂဏန်းအချက်အလက်လေးကြောင့် ၂၀၀ ကျော်သော ကျောင်းသားကျောင်းသူများရဲ့ ပညာသင်အခွင့်အရေးတွေ ဆုံးရှုံးရတာကို ပြောပြလိုခြင်းဖြစ်ပါတယ်။ ဖော်ပြပါကျောင်းသားဦးရေနဲ့ အကွာအဝေးသတ်မှတ်ချက်အရဆိုရင် အ.ထ.က(ခွဲ) အဆင့်တိုးဖို့အထိ ဘောင်ဝင်နေတာကိုတွေ့ရပါတယ်။ သို့ပါ၍ အင်ဒေါင်းအ.လ.က(ခွဲ)အား အဆင့်တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက

စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ အင်ဒေါင်းအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်အတွင်းမှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ပေါင်းတစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းပေါင်း လေးကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းရှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) လေးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁၇ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း ခြောက်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၄၀ အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ရန် သတ်မှတ်ချက်မှုများအနေနဲ့ အလယ်ဆင့်သင်ကျောင်းသားကျောင်းသူ ၂၄၀ ဦးနှင့်အထက်ရှိခြင်း၊ မြေပြန့်ဒေသမှာ အနီးဆုံးအလယ်တန်းအဆင့်သင်ကျောင်းနှင့် သုံးမိုင်အထက်ကွာဝေးခြင်း သို့မဟုတ် သွားလာရေးခက်ခဲသော မြစ်ချောင်းပေါ်များသည့်ဒေသများဖြစ်ပါက အနီးဆုံးအလယ်တန်းအဆင့်သင်ကျောင်းနှင့် နှစ်မိုင်အထက်ကွာဝေးခြင်းတို့ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ အင်ဒေါင်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ စုစုပေါင်းအလယ်အဆင့်သင်ကျောင်းသား ၂၂၄ ဦးရှိပြီး အနီးဆုံးပင်မကျောင်းဖြစ်သော ကြက်တကောင်အခြေခံပညာအထက်တန်းကျောင်းနှင့် ၁.၅ မိုင်ကွာဝေးကြောင်း တွေ့ရှိရပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီးက မြေပြင်မှာ ကြိုးဆွဲပြီးပြန်တိုင်းထားတဲ့အခါမှာ ၂.၁၈ မိုင်ဝေးကြောင်း တင်ပြသွားတာ အခုကြားရပါတယ်။ ဒီအချက်အလက်တွေနဲ့ ကျွန်တော်တို့ ပြန်လည်စိစစ်ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ပြန်လည်စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**မံစီမြို့နယ်၊ စီခမ်းကြီးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၌ (၁၇၀ x ၃၀)ပေ (RCC) နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးချင်းဖေလင်း(မံစီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးချင်းဖေလင်း ဖြစ်ပါတယ်။ မံစီမြို့နယ်၊ စီခမ်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွင်းမှာရှိတဲ့ ကျောင်း(ခွဲ)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ၁၇၀ ပေ x ၃၀ ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးဖို့ အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီး ကျွန်တော့်အနေနဲ့မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မံစီမြို့နယ်အတွင်း မှာရှိတဲ့ စီခမ်းကြီး အ.ထ.က(ခွဲ)ကျောင်းဟာဆိုလို့ရှိရင် ၁၉၅၃-၁၉၅၄ ခုနှစ်လောက်ကနေမှ စပြီးတော့မှ ကျောင်းသားမိဘတွေနဲ့ ကျောင်းအကျိုးတော်ဆောင်တွေက ကိုယ်ထူကိုယ်ထဆောက်လုပ်ထားတဲ့ ကျောင်းပဲ ဖြစ်ပါတယ်။ ကျောင်းဝင်းထဲမှာဆိုလို့ရှိရင် ပင်မဆောင်တစ်ဆောင်နှင့် ခရေဆောင် နှစ်ထပ်ဆောင်တစ်ဆောင် ကျောင်းသားမိဘတွေကနေမှ ကိုယ်ထူကိုယ်ထဆောက်လုပ်ထားတဲ့ အဆောင်နှစ်ဆောင်ပဲရှိတာဖြစ်ပါတယ်။ ဒီအဆောင်တွေဟာ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ စံကိုက်ပုံစံနဲ့မကိုက်ညီတဲ့အတွက်ကြောင့်မို့လို့ အခုအချိန်မှာ အ.ထ.က(ခွဲ)အနေနဲ့ ဖြစ်လာတဲ့အခါကျတော့ ကျောင်းသားဦးရေတွေ တိုးတက်လာတာနဲ့ အမျှ ကျောင်းဆောင်လိုအပ်ချက်တွေက အများကြီးရှိလာတာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ လွန်ခဲ့တဲ့ ၁၉၅၃-၁၉၅၄ ခုနှစ်ကတည်းက အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့တဲ့ ကျောင်းဆရာဆရာမတွေ ဖြစ်ပါတယ်။ ဒါ ကျောင်းဝန်းရဲ့အကျယ်အဝန်းပါ။ ကျောင်းဆောင်တွေ အများကြီးဆောက်လို့ရတဲ့ မြေအနေအထားတွေရှိတာကို ကျွန်တော်ပြောပြခြင်းဖြစ်ပါတယ်။ ဒါ အ.ထ.က(ခွဲ)မှာရှိတဲ့ ကျောင်းဆောင်နှစ်ဆောင်တည်းနဲ့ပဲ စာသင်နေရတာ ဖြစ်ပါတယ်။ ဒါတွေက ကိုယ်ထူကိုယ်ထဆောက်လုပ်ထားခဲ့တဲ့ကျောင်းဆောင်တွေဖြစ်တဲ့အတွက်ကြောင့် စံကိုက်ပုံစံမဝင်တဲ့ အခါကျတော့ စာသင်ခန်းတွေကကျဉ်းပြီးမှ ကျောင်းသားဦးရေနဲ့ စာသင်ခန်းပုံစံ မမျှတဲ့အတွက်ကြောင့်မို့လို့ ပညာသင်ကြားရေးမှာ အခက်အခဲဖြစ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ ကျောင်းအဆင့်တွေ တိုးလာတယ်။ ပြီးတော့ ကျောင်းသားဦးရေတွေ များလာတဲ့အခါကျတော့ စာသင်ခန်းလိုအပ်ချက်တွေ ရှိလာတဲ့အတွက်ကြောင့်မို့လို့ ပေ ၁၇၀ x ၃၀ ပေ RCC နှစ်ထပ်ကျောင်းဆောင်ကို လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျောင်းဆောင်သစ်တစ်ဆောင် RCC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးဖို့ အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးချင်းဖေလင်း၏မေးခွန်းဖြစ်သော ကချင်ပြည်နယ်၊ မံစီမြို့နယ်၊ စီခမ်းကြီးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ၁၇၀ ပေ x ၃၀ ပေ RCC နှစ်ထပ်ကျောင်းဆောင် အသစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းတည်ဆောက်ရေးလျာထားချက်များဆောင်ရွက်ရာတွင် အသစ်

တည်ဆောက်ရန်လိုအပ်သောကျောင်းများ၊ အန္တရာယ်ရှိကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ဆောက်လုပ်ရန်လိုအပ်သောကျောင်းများ၊ သိပ္ပံဆောင်လိုအပ်သောကျောင်းများ၊ သဘာဝ ဘေးဒဏ်အရ နေရာပြောင်းရွှေ့ဆောက်လုပ်ရသောကျောင်းများ စသည်ဖြင့် လုပ်ငန်းများခွဲခြားပြီး မြို့နယ်အလိုက်ဦးစားပေးအဆင့်အတန်းများ ဆောင်ရွက်ခဲ့ရာမှာ ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ် မံစီမြို့နယ်အတွက် တည်ဆောက်ရေးလုပ်ငန်း ခုနစ်ခုအား ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ကချင်ပြည်နယ်၊ မံစီမြို့နယ်၊ စီခမ်းကြီးအခြေခံပညာအထက်တန်းကျောင်း (ခွဲ)သည် ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ အဆင့်တိုးမြှင့်ပေးခဲ့သောကျောင်းဖြစ်ပါကြောင်း တင်ပြ အပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မံစီမြို့နယ်၊ စီခမ်းကြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် စာသင်ခန်းလိုအပ်ချက်အရ တိုးချဲ့ကျောင်းဆောင်အသစ် တစ်ဆောင် ဆောက်လုပ်ရန် လိုအပ်သောရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**သနပ်ပင်မြို့နယ်၊ အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသော ဆရာဆရာမများအား ဖြည့်ဆည်းခန့်ထားပေးရန်နှင့် ယင်းဆရာဆရာမများနေရာတွင် ဒေသခံဘွဲ့ရလူငယ်များအား ဦးစားပေးခန့်ထားရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ မေးမြန်းလိုတာကတော့ သနပ်ပင်မြို့နယ်မှာရှိတဲ့ အခြေခံပညာကျောင်းများမှာ လိုအပ်နေတဲ့ ဆရာဆရာမများကို ဖြည့်ဆည်း ပေးရန်နှင့် အဲဒီလိုဖြည့်ဆည်းတဲ့အခါမှာ ဒေသခံဘွဲ့ရလူငယ်တွေကို ဦးစားပေးခန့်အပ်ဖို့ မေးမြန်း လိုတာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သနပ်ပင်မြို့နယ်မှာ အခြေခံပညာကျောင်းပေါင်း ၁၂၁ ကျောင်းရှိပြီးတော့ ကျောင်းသားဦးရေဟာ ၃၄၅၄၀ ဦးရှိပါတယ်။ ကျောင်းသားအချိုးအရဆိုလို့ရှိရင် ဆရာဦးရေဟာ ၁၄၃၀ ဦးရှိရမှာဖြစ်သော်လည်း လက်ရှိမှာ ဆရာဦးရေဟာ ၁၀၂၈ ဦးပဲရှိပါတယ်။ ကျောင်းပေါင်း ၁၀၀ ကျော်မှာ ဆရာလိုအပ်ချက်ဟာ ၄၀၂ ဦးထိ ရှိနေပါတယ်။ Power Point သုံးခွင့် ပြုပါ။ အဲဒီ Power Point ကိုကြည့်လို့ရှိရင် အ.ထ.က(ခွဲ)ဉာဏ်ကျွန်းမှာဆိုလို့ရှိရင် ကျောင်းသားဦးရေ ဟာ ၉၃၂ ဦးရှိပြီးတော့ ဆရာဦးရေ ၃၃ ဦးရှိရမှာဖြစ်သော်လည်း ၁၄ ဦးပဲရှိပါတယ်။ ၁၉ ဦးထိ လျော့နည်းနေပါတယ်။ Power Point မှာပြထားတဲ့အနီရောင်နဲ့ဖော်ပြထားတဲ့ဟာတွေက ကျောင်းတွေ မှာ လိုအပ်နေတဲ့ဆရာဆရာမတွေအရေအတွက်ပဲ ဖြစ်ပါတယ်။ ဒါကလည်း ဆရာဆရာမတွေ လိုအပ်ချက်တွေကို ဖော်ပြထားတာဖြစ်ပါတယ်။ အခုဖော်ပြထားတာ ကျောင်းပေါင်း ၄၀ ရှိပါတယ်။ အောက်ဆုံးက အ.မ.က(ခွဲ)တဲစုမှာဆိုလို့ရှိရင် ကျောင်းသားဦးရေ ၈၆ ယောက်ရှိသော်လည်း ဆရာတစ်ယောက်မှမရှိပါဘူး။ဆရာလိုအပ်ချက်တွေအားလုံးကို ပြည်သူလူထုကပဲ မိဘတွေကနေ

မူကြမ်း

ပြီးတော့၊ ငှားပြီးတော့ သင်နေရတဲ့အဆင့်ရှိပါတယ်ခင်ဗျား။ အခုဖော်ပြခဲ့တဲ့ကျောင်းပေါင်း ၄၀ ဟာဆိုလို့ရှိရင် အမှန်တကယ်လိုအပ်နေတာကတော့ ကျောင်းပေါင်း ၁၀၀ ကျော်ထိရှိပါတယ်။ ဒါဟာ လေးဦးနှင့်အထက် လျော့နည်းတဲ့ကျောင်းတွေကိုပဲ Choice လုပ်ပြီးတော့ ဖော်ပြခဲ့တာဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာကျောင်းတွေမှာ ဆရာဆရာမ မလုံလောက်တဲ့အပြင် ကျောင်းခန်းတွေလည်း ကြပ်တည်းပြီးတော့ သင်ထောက်ကူပစ္စည်းတွေလည်း အလွန်ချို့တဲ့တဲ့အတွက် စာတတ်မြောက်မှု စာသင်ကြားရာမှာ အခက်အခဲအများကြီးရှိပါတယ်။ မိဘတွေကလည်း စိုးရိမ်မှုတွေရှိနေပါတယ်။ အခုလို ဆရာဆရာမတွေလိုအပ်တဲ့နေရာမှာ ဒေသခံလူငယ်တွေကို လိုအပ်တဲ့သင်တန်းတွေပေးပြီးတော့ ခန့်ထားပေးမယ်ဆိုလို့ရှိရင် ဒေသမှာအလုပ်လက်မဲ့ဖြစ်နေတဲ့ဘွဲ့ရလူငယ်တွေအတွက်လည်း အလုပ်အကိုင်ရရှိမှာဖြစ်သလို ဒေသခံမဟုတ်တဲ့ဆရာဆရာမတွေကိုခန့်တဲ့အခါမှာ မကြာခဏပြောင်းရွှေ့တဲ့အခက်အခဲ၊ နောက်တစ်ခုက ဝန်ထမ်းဆောင်မရှိတဲ့အခက်အခဲတွေအတွက်လည်း အထိုက်အလျောက်အဆင်ပြေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတာကတော့ သနပ်ပင်မြို့နယ် အခြေခံကျောင်းများတွင် လိုအပ်လျက်ရှိသော ဆရာဆရာမများအား ဖြည့်ဆည်းခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ယင်းလိုအပ်လျက်ရှိသော ဆရာဆရာမများအတွက် ဒေသခံဘွဲ့ရလူငယ်များအား ဦးစားပေးခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်ဦးရဲ့မေးခွန်းဖြစ်သော သနပ်ပင်မြို့နယ် အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသော ဆရာဆရာမများအား ဖြည့်ဆည်းခန့်ထားပေးရန်နှင့် ယင်းလိုအပ်လျက်ရှိသည့် ဆရာဆရာမများ အတွက် ဒေသခံဘွဲ့ရလူငယ်များအား ဦးစားပေးခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြပါမယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ် ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ အခြေခံပညာမူလတန်းကျောင်း(ခွဲ)တစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းသုံးကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၆၇ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၁၆ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁၆ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ခုနစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း ၁၁ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၁၂၁ ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ လက်ရှိ ဆရာ

ဆရာမနဲ့ ကျောင်းသားကျောင်းသူဦးရေအချိုးအနေဖြင့် အထက်တန်းအဆင့်သင်ကျောင်းသား ကျောင်းသူ ၃၃၃၉ ဦးအတွက် အထက်တန်းပြဆရာဆရာမ ၁၁၂ ဦး ခန့်ထားပြီးဖြစ်တဲ့အတွက် ၁း၃၀၊ အလယ်တန်းအဆင့်သင်ကျောင်းသား ၁၂၀၀၉ ဦးအတွက် အလယ်တန်းပြဆရာဆရာမ ၄၁၄ ဦးခန့် ထားပြီးတဲ့အတွက် ၁း၂၉ ဦး၊ မူလတန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၁၉၁၉၃ ဦးမှာ ခန့်ထားပြီး မူလတန်းပြဆရာဆရာမ ၄၉၉ ဦးရှိတဲ့အတွက် ၁း၃၈ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေး ဝန်ကြီးဌာနအနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိတဲ့ မူလတန်းပြနှင့် အလယ်တန်းပြဆရာဆရာမများဖြည့်ဆည်းမှုဖြင့် ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် PPTT နှင့် DTEd သင်တန်းဆင်းမူလတန်းပြဆရာဆရာမ ၁၄ ဦး၊ မူလတန်းပြမှ အလယ်တန်းပြသို့ ရာထူးတိုး ၅၂ ဦး၊ PGDMA ဆရာမတစ်ဦးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးပါ ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့လည်း ယခု ဒုတိယအကြိမ်အဖြစ် အထက်တန်းပြပြောင်းရွှေ့ရာထူးများ ခန့်ထားဆောင်ရွက်ချိန်တွင် ဘာသာရပ်လိုအပ်ချက်ပေါ်မူတည်ပြီး ဆန္ဒပြုလျှောက်ထားသူများ၊ ဘာသာရပ်ကိုက်ညီသူများအား လုပ်သက်တန်းစီဇယား၊ မှုဘောင်သတ်မှတ်ချက်များနှင့်အညီ ဖြည့်ဆည်းခန့်ထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ ဒေသခံပြင်ပဘွဲ့ရလူငယ်များအား ဆရာခန့်ထားခြင်းအဖြစ် လုပ်ငန်းခွင်အကြို မူလ တန်းဆရာအတတ်ပညာသင်တန်း(PPTT)သင်တန်းခေါ်ယူတဲ့အချိန်မှာ သတ်မှတ်အရည်အချင်းများ နှင့် ကိုက်ညီတဲ့သူများလျှောက်ထားနိုင်ပြီး အောင်မြင်ပါက ဒေသခံများဦးစားပေးခန့်ထားသည့် အစီအစဉ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့(၁၂-၉-၂၀၁၈ ရက်နေ့)တွင် တင်သွင်းခဲ့တဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်လေးဦးက အမည်စာရင်းတင်သွင်းထားပါ တယ်။ ပထမဦးစွာ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်ကို ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆားလင်းကြီး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာတွင် နိဒါန်းမှအစ နိဂုံးအထိ

အခန်းပေါင်းများစွာ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသဖြင့် လွန်စွာကျေနပ်မိပါတယ်။ မြန်မာနိုင်ငံတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများမှာလည်း လွန်စွာကျယ်ပြန့်လှပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးမှာ တွင်းထွက်သတ္တုသယံဇာတများထွက်ရှိ၍ တူးဖော်လုပ်ကိုင်ကြပါတယ်။ ယခု ကျွန်တော်ဆွေးနွေးမှာကတော့ ကျွန်တော်သိသော သတ္တုသယံဇာတအပိုင်းဖြစ်ပါတယ်။ သယံဇာတဆိုတာ မြန်မာစကားမဟုတ်ပါ။ ပါဠိစကားကို တိုက်ရိုက်မွေးစားထားတာဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ မြေပေါ်မြေအောက်၌ သဘာဝအတိုင်းဖြစ်ပေါ်နေသော ဝတ္ထုပစ္စည်းဟူ၍ အဓိပ္ပာယ်ရပါတယ်။ အင်္ဂလိပ်ဘာသာအားဖြင့် Natural Resources ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အဓိကဆွေးနွေးတင်ပြလိုသည်မှာ မြန်မာနိုင်ငံတွင် သတ္တုသယံဇာတကဏ္ဍဟာ ဖောင်စီးရင်းရေငတ်ဆိုသလိုဖြစ်နေရခြင်း၊ လုပ်ငန်းစီမံခန့်ခွဲမှုအားနည်းခြင်း၊ အုပ်ချုပ်ရေးယန္တရားလည်းပတ်မှုမကောင်းမွန်ခြင်း၊ လူမှန်၊ နေရာမှန်မဖြစ်ခြင်းစသည်တို့ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ ထိန်းကျောင်းပြုပြင်ပေးစေလိုခြင်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သယံဇာတနှင့်ပတ်သက်၍ ကုန်တက်တဲ့အမျိုးဟူ၍ ပြောဆိုနေကြသည်ကို ရှင်းလင်းတင်ပြလိုပါတယ်။ သတ္တုသယံဇာတဆိုတာ ကမ္ဘာမြေကြီးရဲ့ အစိတ်အပိုင်းဖြစ်လို့ ထုထည်ကြီးမားပြီး လူ့သက်တမ်းနှင့်နှိုင်းဆလျှင် ကုန်နိုင်သောအရာဝတ္ထုမဟုတ်ပါ။ ကမ္ဘာမြေကြီးတည်ရှိနေသရွေ့ ကျန်ရှိနေမည့်ဝတ္ထုပစ္စည်းများသာဖြစ်ပါတယ်။ ဒီလိုရှင်းလင်းတင်ပြရတာကလည်း သတ္တုလုပ်ကွက်တွေကို ၂၆-၇-၂၀၁၆ မှစ၍ နှစ်နှစ်တိတိရပ်ဆိုင်းထားခဲ့ခြင်း၊ နောင်မျိုးဆက်သစ်တွေအတွက် အရန်သတ္တုသိုက်တွေချန်ထားရခြင်းစတဲ့ မဖြစ်သင့်တဲ့ဖြစ်စဉ်တွေကြောင့်ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုရန် တင်ပြအပ်ပါတယ်။ နမ့်တူဘော်တွင်းသတ္တုတွင်းဖြစ်ပါတယ်။ ၁၉၁၄ ခုနှစ်မှစ၍ နှစ်ပေါင်း ၁၀၀ ကျော်တူးဖော်လုပ်ကိုင်ခဲ့သော်လည်း ယနေ့အချိန်အထိ သတ္တုသိုက်ကျန်ရှိနေသေးသော ကမ္ဘာသိသတ္တုတွင်းကြီးတစ်ခု ဖြစ်ပါတယ်။ ဒါကတော့ ဖားကန့်ကျောက်စိမ်းတွင်းဖြစ်ပါတယ်။ အရည်အသွေးကောင်းမွန်မှုကြောင့် ဖားကန့်ကျောက်စိမ်းတွင်းဟာ နာမည်ထင်ရှားပါတယ်။ ဘယ်လိုပဲ ပစ်စလက်ခတ်တူးကြပေမဲ့ ကုန်ခမ်းသွားခြင်းမဖြစ်နိုင်ပါဘူး။ ဒါကတော့ မိုးကုတ်ကျောက်တွင်းဖြစ်ပါတယ်။ မိုးကုတ်ပတ္တမြားဟာ အရည်အသွေးကောင်းမွန်တာကြောင့် ပတ္တမြားငါးမောက်စသည်ဖြင့်ထွက်ရှိပြီး ကမ္ဘာကျော်ခဲ့ပါတယ်။ ယခုအခါ လုပ်ကွက်များရှားပါးလာပြီး မိုးကုတ်သားများပင်လျှင် တစ်ခြားနေရာသို့ထွက်၍ လုပ်ငန်းများရှာဖွေလုပ်ကိုင်ကြရပါတယ်။ ယခင်က မြန်မာတစ်နိုင်ငံလုံးမှလူများ မိုးကုတ်ကျောက်တွင်းကိုသွား၍ လုပ်ကိုင်နိုင်ပါတယ်။ ယခုအချိန်တွင် လုပ်ကွက်များရှားပါးလာခြင်းမှာ ကျောက်မျက်ရတနာများကုန်ခမ်းသွား၍မဟုတ်ဘဲ ကုမ္ပဏီကြီးများမှ ဧကပေါင်းမြောက်မြားစွာသတ်မှတ်ပြီး လုပ်ကိုင်ကြတာဖြစ်ပါတယ်။ ဒါကတော့ မြန်မာပြည်မှ နာမည်ကြီးရွှေလုပ်ကွက်တစ်ခုရဲ့ စက်ရုံဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်နားထားသည်ဟု သိရပါတယ်။ နိုင်ငံတော်က အထူးသတ္တုရွှေကို တန်နဲ့ချီပြီး အကျိုးအမြတ်ရမယ့်ကိစ္စမှာ စီးပွားရေးဆန်ဆန် ညှိနှိုင်းဆောင်ရွက်ကြရင် မဖြစ်နိုင်စရာ၊ ရပ်နားထားစရာအကြောင်းမရှိဘူးလို့ပဲ မြင်ပါတယ်။ ဒါဟာ နိုင်ငံတော်ရဲ့နစ်နာဆုံးရှုံးမှု(National Loses)တွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ ရှမ်းပြည်နယ်၊ နမ္မတူ(ဘော်တွင်းမိုင်း)၊ ကယားပြည်နယ်(မော်ချီးမိုင်း)၊ တနင်္သာရီတိုင်း ဟိန်းသားမိုင်းကြီးတွေရှိခဲ့ခြင်းကြောင့် ဒေသဖွံ့ဖြိုးလာတာ၊ အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်များလာတာတွေ့ရပါတယ်။ အရွယ်ရောက်လာတဲ့ ဒေသခံလူငယ်တွေအနေနဲ့လည်း အလုပ်အကိုင်အဆင့်တွေရရှိပြီး နယ်မြေလည်းအေးချမ်းလာပါတယ်။ သို့ပါ၍ ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာ၊ ပတ္တမြား၊ နီလာ၊ ဥဿဖရားစတဲ့ အဖိုးတန်ရတနာတွေထွက်ရှိတဲ့နိုင်ငံမှာ ဖောင်စီးရင်းရေငတ်မဖြစ်ရလေအောင် ကော်မတီအနေဖြင့် ထိန်းညှိဆောင်ရွက်ပေးနိုင်ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၆ ကိုဆက်လက်ဆွေးနွေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာအပေါ်မှာ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာပြောကြားလိုတာကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအနေနဲ့ ကိုယ်စားလှယ်များရဲ့ အကြံပြုဆွေးနွေးချက်တွေအပေါ်မှာ အလေ့ထားဆောင်ရွက်ပေးလို့ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အကြံပြုချက်တွေအတိုင်းကို ဆောင်ရွက်ခဲ့လိုလည်း ကော်မတီရဲ့လုပ်ငန်းစဉ်တွေဖြစ်တဲ့ ဥပဒေပြုရေးကိစ္စ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ၊ ကာကွယ်ရေးလုပ်ငန်းတွေ၊ ပြုစုပျိုးထောင်ရေး

လုပ်ငန်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ရာမှာ အထောက်အကူပြုလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။ ဒီနေ့အစီရင်ခံစာအတွက် အကြံပြုလိုတာကတော့ သစ်တောဥပဒေကြမ်းရေးဆွဲစဉ်ကအခါတုန်းက ဥပဒေကြမ်းကော်မတီမှာ ဆွေးနွေးခဲ့တဲ့ ဒေသခံတောင်သူတွေ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ကြိုးတွင်းလယ်ယာမြေတွေ၊ ကာကွယ်တောအတွင်းမှာရှိတဲ့ လယ်ယာမြေတွေအတွက်နဲ့ပတ်သက်ပြီး တရားဝင်မြေခွန်တော်တွေပေးဆောင်စေပြီးမှ လုပ်ကိုင်ခွင့်ရနိုင်ရေးအတွက် အသစ်ဖြည့်စွက်ချက် ၁၂ ချက်ကိုတင်ပြဆွေးနွေးခဲ့ပါတယ်။ အဲဒီအချက်များနှင့်ပတ်သက်ပြီး ဆွေးနွေးရာမှာ ဖြည့်စွက်ရန်မသင့်တော်ကြောင်းနှင့် ဒေသခံပြည်သူများအတွက် ဆိုင်ရာဆိုင်ခွင့်တွေ၊ အကျိုးခံစားခွင့်တွေပေးထားကြောင်း သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့လည်း ကြိုးဝိုင်းတောတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းလုပ်နိုင်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြပါတယ်။ ယခုလက်ရှိမှာလည်းပဲ ကြိုးဝိုင်းလယ်ယာမြေ ဧကပေါင်း ၆၀၀၀၀၀ ကျော်ရှိတဲ့အနက်က ဧက ၂၀၀၀၀၀ ကျော်ကို စွန့်လွှတ်ပြီးဖြစ်ကြောင်း၊ ပယ်ဖျက်ပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ကျန်ရှိတဲ့ ဧက ၄၀၀၀၀၀ ကျော်ကိုလည်းပဲ ဆက်လက်စိစစ်ပြီး ပယ်ဖျက်ပေးသွားမှာဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ ဒ့ါအပြင် သက်ဆိုင်ရာဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များကလည်းပဲ ကျန်ရှိနေတဲ့ ကြိုးတွင်းလယ်ယာမြေများနှင့်ပတ်သက်ပြီး စာရင်းဇယားများမှန်ကန်စွာ စိစစ်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ ကော်မတီဥက္ကဋ္ဌကလည်းပဲ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ညှိနှိုင်းပြီး ဖြေရှင်းပေးမှာဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။ ဒါပေမဲ့လည်း ယနေ့အချိန်အထိ ဖြေရှင်းပေးနေတာ မရှိတာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံဒေသအသီးသီးမှာရှိကြတဲ့ ကြိုးဝိုင်းတောတွေ၊ ကြိုးပြင်ကာကွယ်တောတွေကို အမှီပြုပြီးနေကြတဲ့ တောင်သူတွေအတွက် အမြန်ဆုံးဖြေရှင်းပေးနိုင်ရေး ဆောင်ရွက်ပေးပါရန် အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။

နောက်တစ်ခုတင်ပြလိုတာကတော့ သစ်တောနယ်မြေတွေအတွင်းမှာရှိတဲ့ အစိုးရအနေနဲ့ ကျောက်မီးသွေးတူးခွင့်ပြုထားတာတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းမှာဆိုရင် ဒေသ ၃၃ နေရာတူးခွင့်ပြုထားတာရှိပြီး အခုဆိုရင်လည်း ထီးလင်းမြို့နယ် နအင်းကျေးရွာအနီးမှာ ကုမ္ပဏီတစ်ခုမှ ကျောက်မီးသွေးတူးဖော်ဖို့ ဆောင်ရွက်နေတာရှိနေကြောင်း သိရှိရပါတယ်။ ဒီလိုခွင့်ပြုတာတွေနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ပွင့်လင်းမြင်သာမှုရှိရှိ ဒေသခံတွေကိုချပြပြီး ဒေသခံတွေရဲ့သဘောထားတွေကို ကောက်ခံယူပြီးတော့မှ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ထိခိုက်မှုရှိနိုင်မှုရှိ/မရှိ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိ/မရှိ၊ ဖြစ်ပေါ်လာမည့် ဆိုးကျိုးကောင်းကျိုးတွေကို သုံးသပ်ပြီးတော့မှ ခွင့်ပြုပေးရန် အကြံပြုဖို့တိုက်တွန်းအပ်ပါတယ်။ ယခုအခါမှာတော့ လာရောက်တူးဖော်တော့မှပဲ လုပ်ငန်းစတော့မှပဲ ပြည်သူတွေကသိရှိကြရတာဖြစ်ပါတယ်။ ဒါဟာလုံးဝမဖြစ်သင့်တဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် ၆-၉-၂၀၁၈ ရက်နေ့က မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ် ကျောက်မြောင်းကျေးရွာအနီးမှာ ထန်းရာဇာကုမ္ပဏီမှ တူးဖော်တဲ့ ကျောက်မီးသွေးတွင်းပေါက်ကွဲလို့ အလုပ်သမား ရှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းများမှာ ဖတ်လိုက်ရပါတယ်။ ဒီအရင်ကလည်းပဲ ငဖဲမြို့နယ်မှာလည်းပဲ ဟန်ထိတ်ကုမ္ပဏီမှတူးတဲ့ ကျောက်မီးသွေးတွင်းမှာလည်းပဲ ပေါက်ကွဲမှုဖြစ်ပြီး

တရုတ်နိုင်ငံသားတစ်ဦးအပါအဝင် အလုပ်သမား ရှစ်ဦးသေဆုံးခဲ့ကြောင်း သိရှိရပါတယ်။ အဲဒီလို သေဆုံးမှုတွေ တစ်နိုင်ငံလုံးမှာ ဘယ်လောက်အထိရှိနေပြီလဲဆိုတာ မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ ဒီအဖြစ်အပျက်တွေဟာ ဘယ်သူ့မှာတာဝန်ရှိတာလဲ။ အလုပ်သမားတွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းမှု၊ နည်းပညာလိုအပ်မှု ဒါတွေကိုလည်းပဲ ကော်မတီအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို အကြံပေးမှု၊ တိုက်တွန်းမှုတွေပြုလုပ်သင့်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

နောက်တစ်ခုတင်ပြလိုတာကတော့ ဖမ်းဆီးရမိတဲ့ သစ်တောထွက်ပစ္စည်းများ ကိစ္စပဲဖြစ်ပါတယ်။ သစ်တောထွက်ပစ္စည်းတွေကို ဖမ်းတဲ့နေရာမှာ ပိုင်ရှင်မဲ့ပဲဖြစ်ဖြစ်၊ ပိုင်ရှင်ရှိပဲဖြစ်ဖြစ်၊ လုံခြုံတဲ့ နေရာရောက်အောင် သယ်ယူသိမ်းဆည်းနိုင်ရေးဟာ အရေးကြီးပါတယ်။ ဖမ်းဆီးတဲ့ ဝန်ထမ်းတွေ အပေါ်မှာ တာဝန်ပိမနေသင့်ဘူးလို့ ကျွန်တော့်အနေနဲ့ ယူဆမိပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာန အနေနဲ့ သယ်ယူစရိတ်တွေ၊ ကုန်ကျစရိတ်တွေကို အချိန်မီလုံလောက်စွာထုတ်ပေးနိုင်ရေးကော်မတီ အနေနဲ့ အကြံပြုသင့်ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် နောက်တစ်ခုတင်ပြလိုတာကတော့ ဖမ်းဆီး ရမိတဲ့သစ်တောထွက်ပစ္စည်းတွေဆိုရင်လည်း ကြာရှည်စွာထားပြီးတော့မှ ဟောင်းနွမ်းပစ္စည်းမှ လေလံ တင်ခြင်းမပြုဘဲနဲ့ ဟောင်းနွမ်းပျက်စီးမှုမရှိခင် အရည်အသွေးများကျဆင်းမှုမရှိခင်မှာ အများပြည်သူ အကျိုးပြုလုပ်ငန်းတွေ၊ ပညာရေးလုပ်ငန်းတွေ၊ အခြားဦးစားပေးလုပ်ငန်းတွေကို အမှန်တကယ် အသုံးပြုနိုင်တဲ့၊ ပြည်သူလူထုအကျိုးပြုလုပ်ငန်းတွေကို ရောင်းချပေးသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီအနေနဲ့ အထက်ပါအကြံပြု ဆွေးနွေးချက်များကို သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ များနှင့်ပူးပေါင်း၍ မြန်မာ့သစ်တောသယံဇာတစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပါစေကြောင်း ဆန္ဒပြုရင်း အစီရင်ခံစာကို အကြံပြုဆွေးနွေး အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်ကို ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး ကျန်းမာချမ်းသာကြပါစေလို့ ကျွန်တော် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ ကသာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်ဖြစ်ပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့ တင်သွင်းမည့် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့အစီရင်ခံစာကို ကျွန်တော် ပါဝင်ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအစီရင်ခံစာရဲ့ အပိုဒ် ၂၇ မှာ စိတ်ဝင်စားစရာဘာတွေ့ရသလဲဆိုတော့ ကျွန်တော်ကောက်နုတ်တင်ပြရရင် သစ်တောကဏ္ဍနှင့်စပ်လျဉ်းသည့် စစ်ဆေးဆောင်ရွက်မှုများကို နယ်မြေခံဝန်ထမ်း၏ သုံးသပ်တင်ပြချက်အပေါ်အခြေခံပြီး ဆောင်ရွက်ခြင်းထက် ဝန်ကြီးဌာနက တိုက်ရိုက်တာဝန်ပေးသော စစ်ဆေးရေးအဖွဲ့ဖြင့်ကွင်းဆင်းလေ့လာပြီး ဆုံးဖြတ်ဆောင်ရွက်သင့်ပါသည် ဆိုပြီးတော့ပါရှိပါတယ်။ ဒါကို ကျွန်တော်လက်ခံပါတယ်။ ထောက်လည်းထောက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်တဲ့နေရာမှာ ၂၀၁၃ ခုနှစ်က စာရင်း

တစ်ခု သစ်တောဧရိယာထဲမှာ မလွဲမရှောင်သာ ကျူးကျော်နေထိုင်တယ်လို့မသုံးရက်ပါဘူး။ မလွဲမရှောင်သာဝင်ရောက်နေထိုင်ကြတဲ့ နိုင်ငံသူနိုင်ငံသား၊ ဒေသခံပြည်သူ တောင်သူလယ်သမား တွေ၊ သူတို့စာရင်းကောက်တဲ့အခါမှာ ၂၀၁၃ ခုနှစ်က ကောက်ပေမဲ့ အဲဒီစာရင်းဟာ တကယ်တမ်း ကျတော့ ဌာနကလည်းသိပါတယ်။ တိတိကျကျမှန်မှန်ကန်ကန်မရှိဘူးဆိုတဲ့ကိစ္စ ဒါသိပါတယ်။ အဲဒီတော့ ဒီလိုကိစ္စမျိုးတွေမှာ ဌာနတစ်ခုတည်းမဟုတ်ဘဲနဲ့ ဝန်ကြီးဌာနတွေပူးပေါင်းပြီးမှ ဥပမာ ဆိုကြပါစို့။ ဒီစာရင်းကောက်မယ်ဆိုလျှင် အုပ်ချုပ်ရေးပိုင်းကပါရမယ်။ လ.ဝ.က ကစသဖြင့် ပါရမယ်။ အဲဒီလိုလုပ်ပြီးတော့မှ ပြုစုမယ်ဆိုရင်ဖြင့် စာရင်းအမှန်နဲ့အများကြီး နီးစပ်တာကို ကျွန်တော်တို့ တွေ့ရ မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုက ကျွန်တော်တို့ ထီးလင်းမဲဆန္ဒနယ်က ခုနက ကိုယ်စားလှယ် တော်ကြီး ဦးမြတ်လေးဦး အကြံပြုခဲ့သည့်အတိုင်း မြေပြင်အခြေအနေများကို ကွင်းဆင်းလေ့လာနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ယခုနှစ်အတွင်း ကော်မတီအဖွဲ့ဝင်များသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် သစ်တောနယ်မြေများ၊ သဘာဝနယ်မြေများ၊ ကျောက်မျက်လုပ်ကွက်များသို့ သွားရောက်ကွင်းဆင်းလေ့လာနိုင်ခဲ့ပါသည်။ နောင်တွင်လည်း မြေပြင်ကွင်းဆင်းလေ့လာမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်မှန်းကြိုးစားသွားမည်ဖြစ်ပါသည်ဆိုတော့ အင်မတန်ကို ကျွန်တော်တို့ချီးကျူးပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ သို့သော်လည်း ဒီနေရာမှာ ကျွန်တော် တစ်ခု အကြံပေးချင်တာက ကသာမြို့နယ်မှာဆိုရင် ယင်းခဲကြိုးဝိုင်းဧက ၆၆၀၀၀ ကျော်ရှိပါတယ်။ ကမ္ဘာသိ ပါ။ အဲဒါကြီးက အခုတော့ ဗုန်းဗုန်းလဲ မရှိသလောက် ပျက်စီးသလောက်ဖြစ်သွားပါပြီ။ ကုန်သလောက် ဖြစ်သွားပါပြီ။ အဲဒီတော့ ဒီလိုနေရာမျိုးမှာ ဒီလိုအင်မတန်ကျယ်ပြန့်တဲ့ဧရိယာကြီးနဲ့ သစ်တောဧရိယာ ကြီးနဲ့ ပတ်သက်ပြီးတော့မှ ဌာနဆိုင်ရာကနေပြီးတော့ မူဝါဒတွေချမှတ်မယ်။ လုပ်ငန်းစဉ်တွေချမှတ် မယ်။ ရည်မှန်းချက်တွေချမှတ်မယ်ဆိုလို့ရှိရင် သက်ဆိုင်ရာတာဝန်ရှိပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးကိုယ်၌သည် ဒီနေရာတွေကို ခြေခြေမြစ်မြစ် ကွင်းဆင်းသုတေသနလုပ်တဲ့နေရာမှာ ပါဝင် ဦးဆောင်ပေးနိုင်မယ်ဆိုရင် ပိုကောင်းမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာက ရေးရာကော်မတီတွေဆိုတာက Decision Maker တွေ အဆုံး အဖြတ်ပေးနိုင်မယ့်လူတွေမဟုတ်ပါဘူး။ ဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေစသဖြင့် ဒီတာဝန်ရှိပုဂ္ဂိုလ် Decision Maker တွေကသာလျှင် မြေပြင်အခြေအနေကို လက်တွေ့ဖြစ်နေတဲ့အနေအထားတွေကို ကြည့်ပြီးတော့မှ ဘာတွေဖြစ်နေတယ်၊ ဘာတွေပြင်ရမယ်ဆိုတဲ့ဥစ္စာကို သိနိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခုဖြစ်နေတာက ကြိုးဝိုင်းကြီးဟာ အင်မတန်ရှုပ်ထွေးပါတယ်။ ဌာနနှင့်ကုမ္ပဏီကြီး တွေ၊ ဌာနနှင့် ဒေသခံပြည်သူတွေ၊ ကုမ္ပဏီတွေနဲ့ ဒေသခံပြည်သူတွေ အလွန်ကိုပြဿနာ များပြားနေ တဲ့ဧရိယာကြီးဖြစ်ပါတယ်။ အဲဒီမှာဘာဖြစ်လဲဆိုတော့ လွန်ခဲ့တဲ့အနှစ် ၃၀ လောက်က စိုက်ထားခဲ့တဲ့၊ လုပ်ထားခဲ့တဲ့စိုက်ခင်းဆိုကြပါစို့ရဲ့။ ဒါတွေကလည်း မအောင်မြင်ခဲ့ဘူး။ ဆုံးရှုံးခဲ့ပါတယ်။ ပြည်ထောင်စု ဝန်ကြီးဌာနရဲ့ လုပ်ငန်းစဉ်တစ်ခုထဲမှာ ဘာပါလဲဆိုတော့ စိုက်ခင်းဟောင်းများကို ပြန်ပြီးတော့လုပ်မယ် ဆိုတဲ့ကိစ္စပါပါတယ်။ ဆိုတော့ အခုဖြစ်နေတာက စိုက်ခင်းဟောင်းကို လုပ်မယ်ဆိုတဲ့မူက ကျွန်တော်တို့ ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ဖြစ်လာပြီးတော့မှ အဲဒီမှာဝင်ရောက်စိုက်ပျိုးပြီးတော့မှ နှစ်ပေါင်း

မြေသြက်မြားစွာ နှစ် ၂၀၊ ၂၅ ပစ်ထားလိုက်လို့ ဘာမှမရှိတော့တဲ့ စိုက်ခင်းဟောင်းမြေပေါ်မှာ ကြံစိုက်တယ်။ ပြောင်းစိုက်တယ်။ နှမ်းစိုက်တယ်ဆိုတဲ့ ဒီမိသားစုတွေက အတော်များနေပါပြီ။ ဒီဥစ္စာအပေါ်က လာတဲ့ စီမံကိန်း။ မဖြစ်မနေလုပ်ရမယ်ဆိုပြီးတော့မှ ကျလာတဲ့အခါကျတော့ အောက်ခြေမြို့နယ်အဆင့်က ပုဂ္ဂိုလ်တွေကလည်း အထက်ကိုတော့ ဒီနေရာကဖြင့်မသင့်ပါဘူး။ မလုပ်သင့်ပါဘူး စသည်ဖြင့် ဘယ်လိုမှ တင်ပြရဲမှာမဟုတ်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ကြားကနေပြီးတော့မှ Check and Balance နဲ့ ဒါကတော့ ဒီလိုရှိပါတယ်။ ဒီလိုရှိပါတယ်ဝန်ကြီးရယ် စသည်ဖြင့် ကျွန်တော်တို့ ဒီလိုတင်ပြပေးရမည့်တာဝန်ရှိပါတယ်။ အဲဒီတာဝန်ကို ကျွန်တော်အခု ဒေသခံတွေအတွက် ဒီနေရာမှာဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီတော့ ဒေသခံတွေအတွက်ကတော့ ကျွန်တော်တို့ CS ဆိုတဲ့ အစုအဖွဲ့ပိုင်သစ်တော။ သူတို့ကလည်း ဒါကိုလုပ်ဖို့လိုလားတယ်။ သို့သော်လည်း အဲဒီမှာ စိုက်ခင်းမှ ဖယ်ပေးရမယ်။ မဖယ်ပေးရင်တရားစွဲမယ်ဆိုတော့ အခုလောလောဆယ်ဆယ်ကိုပဲ ကျွန်တော်တို့ လွှန်ခဲ့တဲ့တစ်လကျော်ကနေပြီးတော့မှ ငါးယောက်၊ ခြောက်ယောက်လောက် ကသာ အကျဉ်းထောင်မှာ ပုဒ်မ ၆၁ နဲ့ တရားရင်ဆိုင်နေရဆဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒီကိစ္စတွေသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးတွေကိုယ်၌က Decision ချမှတ်နိုင်တဲ့ Policy ကို ကျွန်တော်တို့ ပြုပြင်နိုင်တဲ့ ပုဂ္ဂိုလ်တွေကိုယ်၌ကပါဝင်ပြီးတော့မှ ကျွန်တော်တို့ ညှိနှိုင်းမှသာလျှင် ဒီကိစ္စတွေအဆင်ပြေသွားမှာဖြစ်ကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့်ကို ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးသန်းထွန်းမြင့်(ကလေးဝမဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းမြင့် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ ဒုတိယနှစ်ပတ်လည် အစီရင်ခံစာကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ကော်မတီရဲ့တစ်နှစ်တာဆောင်ရွက်ခဲ့တဲ့ အစီရင်ခံစာထဲမှာ ဖော်ပြထားတဲ့ ဘတ်ဂျက်ပူးပေါင်းရေးအဖွဲ့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ဘတ်ဂျက်ကို စိစစ်ပူးပေါင်းအဖွဲ့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်တဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ညှိနှိုင်းအစည်းအဝေးပွဲများကျင်းပပြီး စိစစ်ခဲ့တာကို ထောက်ခံပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကဆောင်ရွက်တဲ့ ဘတ်ဂျက်လုပ်ငန်းတွေဟာ ပြည်သူ့ဘဏ္ဍာငွေများဖြင့် ဆောင်ရွက်တာဖြစ်တဲ့အတွက် လုပ်ငန်းပမာဏထက် ပိုမိုတောင်းခံထားတဲ့ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနဲ့ မလျော်ညီဘဲ တောင်းခံထားတဲ့ငွေများကို သေချာစိစစ်ပြီးမှသာလျှင် ခွင့်ပြုသင့်ပါတယ်။ ဒါမှသာ ပြည်သူ့ဘဏ္ဍာငွေတွေဟာ အဟောသိကံမဖြစ်ဘဲ နိုင်ငံရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ပြည်သူ့ဘဏ္ဍာငွေဆိုတာဟာ နိုင်ငံရဲ့သယံဇာတများရောင်းချရာမှရရှိငွေများ၊ အခွန်အကောက်မှ ရရှိငွေများ၊ အခကြေးငွေ၊ ဝန်ဆောင်မှုလုပ်ငန်းများမှရရှိငွေများ၊ ချေးငွေမှ ရရှိငွေများ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့ဘဏ္ဍာငွေအဖြစ်ရရှိငွေမှ အဖိုးတန်သယံဇာတများဖြစ်တဲ့ ကျွန်း၊ သစ်မလန်း၊ ပိတောက်စတဲ့ သစ်တောထွက်ပစ္စည်းများ၊ ရွှေ၊ ငွေ၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းစတဲ့ အဖိုးတန်ကျောက်မျက်ရတနာများ၊ အဖိုးတန်သတ္တုတွင်းထွက်များဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အဖိုးတန်သယံဇာတပေါင်းများစွာ ထွက်ရှိသော်လည်းပဲ စနစ်တကျထုတ်ယူသုံးစွဲနိုင်မှုမရှိခြင်း၊ တရားမဝင်ထုတ်ယူနေမှုများကို စနစ်တကျကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိတဲ့အတွက် နိုင်ငံတော်အတွက် ဘဏ္ဍာငွေရရှိမှုများစွာနစ်နာနေရပါတယ်။ ဒီလိုဖြစ်ရပ်တွေကို ကော်မတီအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်ဖို့အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့လုပ်ငန်းများနဲ့ ဥပဒေပြုရာမှာ အထောက်အကူပြုစေရေးအတွက် သက်ဆိုင်ရာဒေသများအထိ သွားရောက်ပြီးတော့မှ ဒေသခံများရဲ့အသံတွေကို နားထောင်ခဲ့တာကို ကြိုဆိုပါတယ်။ ပြီးတော့ သတ္တုတွင်းလုပ်ငန်းများကိုလည်း မြေပြင်ကွင်းဆင်းပြီးတော့မှ ကြည့်ရှုပေးဖို့အကြံပြုလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သတ္တုတွင်းလုပ်ငန်းဆိုတာ မြေကြီးထဲမှာရှိတဲ့ အဖိုးတန်ကျောက်မျက်ရတနာများ၊ စက်မှုကုန်ကြမ်းသုံးပစ္စည်းများကို တူးဖော်ထုတ်ယူပြီးတော့ ရောင်းစားဖို့ပဲစဉ်းစားနေကြတာကို တွေ့မြင်နေရပါတယ်။ သတ္တုလုပ်ငန်းများကို စနစ်တကျမစီမံမခန့်ခွဲနိုင်ရင် နိုင်ငံရဲ့ဖွံ့ဖြိုးရေးကိုလည်း များစွာနောက်ကျစေပါတယ်။ ကော်မတီကို သတ္တုတွင်းလုပ်ငန်းများထဲက စက်မှုကုန်ကြမ်းသုံးလုပ်ငန်းဖြစ်တဲ့ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းနဲ့ပတ်သက်ပြီး ဆွေးနွေးအကြံပြုလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး/ပြည်နယ်တော်တော်များများမှာ တူးဖော်ထုတ်ယူနေကြပါတယ်။ ကျောက်မီးသွေးတွင်းပေါင်း ၁၄၀၀ နီးပါးရှိတယ်လို့ သိရှိရပါတယ်။ အဲဒီလိုတူးဖော်တဲ့နေရာမှာ စမ်းသပ်တိုင်းတာခြင်းလုပ်ငန်း၊ အသေးစားတူးဖော်ခြင်းလုပ်ငန်း၊ အကြီးစားတူးဖော်ခြင်းလုပ်ငန်းတွေမှာ ကုမ္ပဏီပေါင်း ၃၀၀ နီးပါးလောက်က လုပ်ကိုင်နေကြတာလို့သိရပါတယ်။ ဒီလိုတူးဖော်လုပ်ကိုင်ဆောင်ရွက်ကြရာမှာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်ပျက်စီးမှုမရှိရေး၊ နိုင်ငံတော်အတွက် အခွန်အခများ မှန်မှန်ကန်ကန်ရရှိရေး ဒါတွေဟာလိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကနေ ထပ်ပြီးမှ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိတွင်းမှာဆိုရင် ကျောက်မီးသွေးတွင်းများမှာ ပေါက်ကွဲမှုသုံးကြိမ်ဖြစ်ခဲ့ပြီးတော့မှ တွင်းတူးလုပ်သားများသေဆုံးခဲ့ရပါတယ်။ ဒါ့အပြင် အသေးစားပေါက်ကွဲမှုများမှ ထိခိုက်သေဆုံးမှုများလည်းရှိနေကြပါတယ်။ ဒီဖြစ်ရပ်များကို ကိုင်တွယ်ဖြေရှင်းရာမှာ ဝန်ကြီးဌာနအနေနဲ့ အားနည်းမှုများရှိနေတာကိုတွေ့ရပါတယ်။ ကျောက်မီးသွေးများ တူးဖော်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများမှာလည်း သတ်မှတ်စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနဲ့အညီ မဆောင်ရွက်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို တွေ့မြင်နေရပါတယ်။ နောက်ပြီးတော့ အမှန်တကယ် ထုတ်လုပ်မှုမှရရှိတဲ့ ကျောက်မီးသွေးထွက်ရှိမှုအားလုံးကိုလည်း နိုင်ငံတော်ကိုအခွန်အခ မှန်မှန်ကန်ကန်ပေးသွင်းမှုရှိရဲ့လားဆိုတာ ဒါဟာသံသယဖြစ်စရာကောင်းပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ ဆိုလို့ရှိရင် ကျောက်မီးသွေး တစ်နှစ်ကိုဆိုလို့ရှိရင် ထွက်ရှိမှုက ၁၀ တန်လောက်ရှိတယ်ဆိုပေမဲ့ နိုင်ငံတော်က အမှန်တကယ်ရရှိတဲ့အဖိုးအခငွေက တန်သုံးသိန်းလောက်ရှိတယ်လို့ သိရပါတယ်။ ဒါမျိုးတွေဟာဆိုရင် တော်တော်လေးကို နိုင်ငံတော်အတွက် တော်တော်နစ်နာပါတယ်။ နောက်ပြီး

တော့မှ လုပ်ကွက်ရရှိထားတဲ့ ကုမ္ပဏီတွေတချို့ဟာဆိုရင် ကိုယ်ကိုယ်တိုင်မထုတ်ယူဘဲနဲ့ တခြားသူများကို တစ်ဆင့်ခံအနေနဲ့ ထုတ်ယူနေတာကို တွေ့ရှိရပါတယ်။ ဒီလိုထုတ်ယူနေမှုတွေဟာဆိုရင် တရားဝင်၊ မဝင် ဒါတွေကလည်းသိရှိဖို့လိုနေပါတယ်။ နောက်ပြီးတော့မှ ကုမ္ပဏီတွေမှာ တူးဖော်ရေးလုပ်နေကြတဲ့နေရာမှာ ကျွမ်းကျင်တဲ့ပညာရှင်တွေ၊ အင်ဂျင်နီယာတွေရှိ/မရှိ ဒါကလည်းလိုပါတယ်။ ဒီလိုမျိုးကျွမ်းကျင်တဲ့အင်ဂျင်နီယာတွေမရှိဘဲနဲ့ ဆောင်ရွက်နေတာဟာဆိုလို့ရှိရင်လည်း ဘေးအန္တရာယ်အတွက်၊ လုံခြုံမှုအတွက် အတော်ကိုစိုးရိမ်စရာကောင်းပါတယ်။ သတ္တုတူးဖော်ခြင်းလုပ်ငန်းကိုစနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံရဲ့တိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီကော်မတီအနေနဲ့ မြန်မာ့သတ္တုတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးဖို့ အကြံပြုလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့အကျိုးစီးပွားကို ဆထက်တိုး၍ ထမ်းရွက်နိုင်ပါကြောင်း ဆုမွန်ကောင်းတောင်းရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက ပြန်လည်ရှင်းလင်းရန်ရှိပါက ရှင်းလင်းနိုင်ရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုးသူရထွန်း(ဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ မြေပေါ်၊ မြေအောက်၊ ရေပေါ်၊ ရေအောက် သယံဇာတတွေအပေါ်မှာရော၊ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအပိုင်းမှာရော၊ စိတ်ဝင်တစားရှိကြတဲ့အတွက်ကြောင့်ရော၊ နောက်တစ်ခါ ကျွန်တော်တို့ကော်မတီရဲ့အစီရင်ခံစာကို အခုလိုစိတ်ဝင်တစားဖတ်ရှုပြီးတော့ ဆွေးနွေးပေးခဲ့တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ပါကြောင်းပဏာမပြောကြားလိုပါတယ်။ ဒီနေ့ဆွေးနွေးချက်တွေကိုရော၊ တခြားကိုယ်စားလှယ်တော်ကြီးများရဲ့ အလွတ်သဘောဆွေးနွေးချက်တွေ၊ အစည်းအဝေးတွေမှာ ဆွေးနွေးချက်တွေနဲ့ ကျွန်တော်တို့ စာဖြင့်ဆွေးနွေးချက်တွေအားလုံးကိုရော လုပ်ထုံးလုပ်နည်းတွေအတိုင်း ကျွန်တော်တို့ ကော်မတီအစည်းအဝေးတွေမှာ ဆွေးနွေးပြီးတော့မှ ဒါတွေကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီနေ့ လတ်တလောမှာတော့ ဒီနေ့ လွှတ်တော်ကြီးတစ်ရပ်လုံးကို ပြန်လည်သိရှိနိုင်ဖို့အတွက်ကို ကိုယ်စားလှယ်ကြီးများရဲ့ဆွေးနွေးချက်တွေနဲ့ပတ်သက်ပြီး ယေဘုယျရှင်းလင်းသွားမှာဖြစ်ပါတယ်။

ပထမဦးဆုံးဆွေးနွေးသွားတဲ့ ဆားလင်းကြီးမြို့နယ်က ကိုယ်စားလှယ်ကြီး ဦးဝင်းသိန်းဇော်ရဲ့ဆွေးနွေးချက်တွေကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ သယံဇာတကော်မတီအနေနဲ့ ဒီလွှတ်တော်ကြီးစခဲ့တဲ့ လပေါင်း ၃၀ ကတည်းကပဲ ပြည်ထောင်စုလွှတ်တော် ဘတ်ဂျက်ရေးဆွဲရာမှာလည်း ကျွန်တော်တို့က သတ္တုနဲ့ သစ်တောသယံဇာတတွေကို ကျွန်တော်တို့နိုင်ငံမှာ နှစ်ရှည်လများ

ထုတ်ယူခဲ့ကြပေမဲ့ ပြန်ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနဲ့ သုတေသနလုပ်ငန်းတွေကို လုပ်ရာမှာ အားနည်းခဲ့တယ်လို့ ယူဆတဲ့အတွက်ကြောင့် ဒီအတွက် ရန်ပုံငွေတွေချပြီး စီမံကိန်းတွေရေးဆွဲဖို့ဆိုတာကို တင်ပြခဲ့ပါတယ်။ ဒီအတွက်ကြောင့်လည်း သစ်တောနဲ့ပတ်သက်ပြီးတော့ သစ်တောများပြန်လည်တည်ထောင်ရေးအတွက် စီမံကိန်းကြီး စပြီးတော့ အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သတ္တုကဏ္ဍမှာတော့ တကယ်လည်းမှန်ပါတယ်။ အခုအထိ ကျွန်တော်တို့ သတ္တုသယံဇာတရှာဖွေရေးမြေပုံ ဘူမိဗေဒမြေပုံတွေ အသစ်ရေးဆွဲဖို့၊ နောက်တစ်ခါ သုတေသနဓာတ်ခွဲခန်းတွေဆောင်ရွက်ဖို့ဆိုတာတွေမှာ အားနည်းချက်တွေရှိနေပါသေးတယ်။ ဒါကိုလည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့ ကြိုးစားသွားမှာလည်း ဖြစ်ပါတယ်။ ဒီနေ့ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရဲ့ အစီရင်ခံစာမှာလည်း ဒါကို မှတ်ချက်အနေနဲ့ ထည့်သွင်းထားပါတယ်။ နောက်တစ်ခါ ဒီဟာနဲ့ပတ်သက်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနတွေတင်မကဘဲနဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ပါ ပူးပေါင်းပြီးတော့ ဒါကို ညှိနှိုင်းပြီးတော့ ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာလည်း ပြောချင်ပါတယ်။

အဲဒီတော့ နောက်တစ်ခုကတော့ သတ္တုလုပ်ကွက်တွေရပ်နားထားတဲ့ကိစ္စပါ။ ဒါကတော့ အားလုံးလည်းသိပါတယ်။ သတ္တုတွင်းနည်းဥပဒေကို လွှန်ခဲ့တဲ့ ဖေဖော်ဝါရီလကမှ အတည်ပြုနိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း ကျွန်တော်တို့လွှတ်တော်ကနေ အခုဆက်လက်ပြီးတော့ လွှတ်တော်နှစ်ရပ်လုံး ပြင်ဆင်နေကြတဲ့အတွက်ကြောင့် အချိန်လေးနည်းနည်းနှေးကွေးနေတာလည်း ရှိပါတယ်။ ဒါပေမဲ့လည်း သတ္တုလုပ်ကွက်တွေ ပြန်လည်ချထားပေးဖို့အတွက်ကို အားလုံး ဝန်ကြီးဌာနဘက်ကပြင်ဆင်နေပြီဆိုတာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ နောက်တစ်ခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြောင့်လည်း နည်းနည်းနှောင့်နှေးကြန့်ကြာတာလည်း ရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ လိုက်လျောညီထွေဖြစ်အောင် ဆက်ပြီးကြိုးစားဆောင်ရွက်သွားမယ်ဆိုတာလေး ပြောချင်ပါတယ်ခင်ဗျား။

နောက်တစ်ပိုင်းကတော့ ဦးမြတ်လေးဦး ဆွေးနွေးတဲ့အပိုင်းပါ။ ဒါ မှန်ပါတယ်။ သစ်တောနယ်မြေထဲမှာရှိနေတဲ့ လယ်ယာမြေတွေနဲ့ပတ်သက်ပြီးတော့ သစ်တောဥပဒေရေးဆွဲစဉ်ကလည်း ဒီအကြောင်းတွေကို ဦးမြတ်လေးဦး အပါအဝင် ကိုယ်စားလှယ်များနဲ့ ဆွေးနွေးခဲ့ကြပါတယ်။ နောက်ထပ်လည်း မကြာခင်မှာလည်း ကျွန်တော်တို့ လွှတ်တော်ပြန်စတာနဲ့ သက်ဆိုင်ရာ တောင်သူလယ်သမားကော်မတီ၊ နောက်တစ်ခါ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်လူမှုဘဝမြှင့်တင်ရေးကော်မတီတို့နှင့်ပူးပေါင်းပြီးတော့မှ ဒီလယ်ယာမြေကိစ္စနဲ့ပတ်သက်ပြီးတော့ ဆက်လက်ပြီး စဉ်းစားစီစဉ်ဖို့လည်း ကျွန်တော်တို့ ရည်မှန်းထားပါတယ်။ နောက်တစ်ခါ သစ်တောနယ်မြေထဲက လယ်ယာတွေနဲ့ပတ်သက်လာရင် အကြမ်းဖျင်းသုံးမျိုးလောက်ရှိပါတယ်။ တစ်ခုကတော့ အခုနက ကိုယ်စားလှယ်တော်ကြီး ဦးမြင့်ကြည်ဆွေးနွေးသွားသလိုပါပဲ။ ၂၀၁၃ ခုနှစ် စာရင်းကောက်ရာမှာ မပါဝင်ခဲ့တဲ့အပိုင်းတွေ တချို့ဆိုရင် တစ်ဒေသတစ်ခုလုံးမကောက်ရသေးတာတွေရှိပါတယ်။ အားလုံးသိတဲ့အတိုင်း နေပြည်တော်ဆိုရင် ဒီစာရင်းမကောက်ရသေးတာဖြစ်ပါတယ်။ အဲဒီတော့ ဒါတွေလည်း ပြည်ထောင်စုဝန်ကြီးဌာနနဲ့ ဆက်လက်ညှိနှိုင်းပြီး ဆောင်ရွက်သွားမယ်ဆိုတာလေး ပြောချင်ပါတယ်။

**မူကြမ်း**

နောက်တစ်ခုကတော့ အိမ်ခြေ ၅၀ အောက် ပြန့်ကျဲလယ်ယာတွေ။ ဒါတွေကတော့ ဖြေရှင်းရနည်းနည်းခက်တဲ့ပုစ္ဆာဖြစ်ပါတယ်။ ဒီဟာတွေကိုကျတော့ ကျွန်တော်တို့က အားလုံးသိတဲ့အတိုင်း Community Forest ပုံစံနဲ့ ပြောင်းလဲပေးဖို့ကိုပဲ ရည်မှန်းပြီးတော့ ကြိုးစားပါတယ်။ အဲဒီလိုပြောင်းလဲပေးတဲ့အခါမှာလည်း သူတို့အနေနဲ့ တခြား လယ်ယာမြေပုံစံ(၇)လိုပဲ ဘဏ်ခြေငွေရရှိလာအောင်လည်း ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပြီးတော့ အခုလည်း ကြိုးစားလျက်ရှိပါတယ်။ အဲဒီမှာလည်း အားနည်းချက်၊ အားသာချက်တွေတော့ရှိပါတယ်။ တချို့တွေကဆိုရင် ဒေသခံမဟုတ်ဘဲနဲ့ ပြင်ပကနေလာပြီး Community Forest အနေနဲ့ လုပ်ခဲ့ကြတာတွေလည်း ရှိပါတယ်။ ဒါတွေလည်း ကျွန်တော်တို့ ဝန်ကြီးဌာနနှင့် ဆက်လက်ညှိနှိုင်းပြီးတော့ ဖြေရှင်းလျက်ရှိတယ်ဆိုတာလေးကိုလည်း ပြောချင်ပါတယ်။ နောက်သစ်တောထွက်ပစ္စည်းပိုင်းတွေကတော့ အခု သစ်တောဥပဒေအသစ် မနက်ဖြန်မှာ အတည်ပြုပြီးသွားပြီဆိုလို့ရှိရင်တော့ ပိုပြီးခိုင်ခိုင်မာမာနဲ့ ကောင်းကောင်းမွန်မွန်လုပ်နိုင်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ နောက်တစ်ခါ သစ်တောနယ်မြေတွေကိုဖျက်သိမ်းဖို့အတွက်က ပုဒ်မ ၇ အရ ဒီဥပဒေဖြစ်လာပြီဆိုရင် အခွင့်အာဏာလည်း ရရှိထားပြီဆိုတော့ ပိုပြီးတော့ ထိထိရောက်ရောက်လုပ်ဆောင်နိုင်မယ်လို့လည်း ရည်မှန်းပါတယ်။ ဒီနေ့ဆိုရင်လည်း ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်လည်း ရှိနေတဲ့အတွက်ကြောင့် ဒီအချက်အလက်တွေကို အားလုံးကြားသိပြီးတော့ကျတော့ ဆက်လက်ဆောင်ရွက်ဖို့အတွက် ဖြစ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ နောက်တစ်ခါဆရာဦးမြင့်ကြည်ရဲ့ နောက်တစ်ခါ ထပ်ဆွေးနွေးထားတဲ့ သက်ဆိုင်ရာသစ်တောကြီးကို ကွင်းဆင်းလေ့လာဖို့ကတော့ ပြည်ထောင်စုဝန်ကြီးလည်း ကိုယ်တိုင်ကြားသိတဲ့အတွက်ကြောင့် ဒါကို ဆက်လက်ဆောင်ရွက်သွားမယ်လို့လည်း ယုံကြည်ပါတယ်။ ကျွန်တော်တို့လည်း ဆက်ပြီးတော့ ညှိနှိုင်းပြီးတော့ လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။

နောက်တစ်ပိုင်းကတော့ ကျောက်မီးသွေးနဲ့ပတ်သက်တဲ့ကိစ္စပါ။ သတ္တုတွင်းနည်းဥပဒေမှာဆိုရင် နည်းဥပဒေ ၁၇၆ ကနေ နည်းဥပဒေ ၁၈၁ ထိက ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ရှိတဲ့တာဝန်ရှိမှုတွေ၊ အစီအမံတွေကို ချပေးထားပါတယ်။ ဒါပေမဲ့လည်း ကျောက်မီးသွေးကျတော့ အခြားသတ္တုတွေနဲ့မတူတဲ့အတွက်ကြောင့် ပိုပြီးအသေးစိတ်တဲ့ ကြေညာချက်တွေ၊ အမိန့်ကြော်ငြာစာတွေအနေနဲ့ ထပ်ပြီးတော့စစ်ဆေးကြပ်မတ်ဖို့ လိုတယ်ဆိုတာကိုလည်း နားလည်ပါတယ်။ ဒီအတွက်လည်း သတ္တုတွင်းပညာရှင်ဟောင်းကြီးတွေဖြစ်တဲ့ ဦးစိန်မြင့်တို့၊ ဦးထွန်းထွန်းတို့ကလည်း အကြံပြုထားတာတွေရှိပါတယ်။ ဒါကို နည်းဥပဒေပြီးတာနဲ့အမျှ နောက်ထပ်ဒီဟာနဲ့ပတ်သက်တဲ့ သီးခြားအမိန့်ကြော်ငြာစာတွေဖြစ်လာဖို့လည်း ကျွန်တော်တို့ကော်မတီအနေနဲ့ ကြိုးစားသွားမယ်ဆိုတာလည်း ပြောချင်ပါတယ်။ အဲဒီတော့ ပေါက်ကွဲမှုတွေဖြစ်လာတယ်ဆိုတာကိုလည်း ကိုယ်တွေ့မျက်မြင်ပဲဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ ကြုံကြိုက်တုန်းဗဟုသုတရဖို့ ထည့်ပြောတာပါ။ ကျောက်မီးသွေးမှာ အဓိကပြဿနာဖြစ်တဲ့ Gas တွေပါနေတာ၊ Coal Gas တွေပါနေတာကို နောက်ပိုင်း နည်းပညာတွေမှာဆိုရင် Coal Gas ကို ပိုက်နဲ့ထိုးသွင်းတဲ့နည်းနဲ့ Gas ကိုအရင်ထုတ်ယူလိုက်ပြီးတော့ သူကနေသီးခြားစွမ်းအင်ထုတ်ပါတယ်။ အဲဒီအခါမှာ ကျောက်မီးသွေးကို တကယ်တမ်း မြေအောက်သတ္တုတွင်းမိုင်းအနေနဲ့တူးတဲ့အခါမှာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အများကြီးပိုပြီးကောင်းတာလည်းရှိပါတယ်။ ဒါကိုလည်း

ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ညှိနှိုင်းပြီးတော့ ဆွေးနွေးပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အချုပ်အား ဖြင့်ပြောရရင်တော့ ကျွန်တော်တို့ကော်မတီအနေနဲ့ အခု ဒီနေ့လို အထူးအကြံပြုသွားတာတွေ၊ တိုက်တွန်းအားပေးသွားတာတွေရောအတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆက်လက်ပြီးတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမယ်ဆိုတာလေး ပြောချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်များရယူခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးအေးနိုင်(အတွင်းရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအတွင်းရေးမှူး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ ဒုတိယနှစ်ပတ်လည်အစီရင်ခံစာကို ၁၂-၉-၂၀၁၈ ရက်နေ့ ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ အစီရင်ခံတင်ပြခဲ့ပါတယ်။ ဆွေးနွေးလိုသူများ ဖိတ်ခေါ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လေးဦးမှ အကြံပြုဆွေးနွေးခဲ့ရာ ကော်မတီဥက္ကဋ္ဌမှ ပြန်လည်ဖြေကြားခဲ့ပြီးလည်းဖြစ်ပါတယ်။ ဆက်လက်ပြီး ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအနေဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏လမ်းညွှန်မှု၊ လွှတ်တော်ကိုယ်စားလှယ်များ၏အကြံပြုချက်များကို ခံယူ၍ မိမိတို့ကော်မတီတာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆက်လက်ကြိုးစားသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ သို့ဖြစ်ပါ၍ ကော်မတီ၏အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**မူကြမ်း**

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၅-၉-၂၀၁၈ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၇-၉-၂၀၁၈ ရက်(သောကြာနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်(၂)ချက်နှင့် စပ်လျဉ်းတဲ့ ဥပဒေကြမ်းကော်မတီရဲ့သဘောထားကို ပြောဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်မာမာခိုင်ပါ။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ်မှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့သဘောထားကို လွှတ်တော်ကြီးသို့ ရိုသေစွာတင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်အတိုင်း ပြည်သူ့လွှတ်တော်ကြီးကနေပြီးတော့ ပြင်ဆင်ရန်အတည်ပြုခဲ့တဲ့ အချက်(၂)ချက်ကို သဘောတူလက်ခံမည်ဖြစ်တဲ့အတွက် ဒီအချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာတဲ့ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့

လွှတ်တော် ဥပဒေကြမ်းကော်မတီ၏တင်ပြချက်အပေါ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သဘောတူပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်(၂)ချက်ကို သဘောတူသင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြသွားပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူအတည်ပြုကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ နည်းဥပဒေခွဲ(က)၊ (ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးဟာ ယနေ့ ပြီးဆုံးတော့မှာဖြစ်ပါတယ်။ ဒီကာလအတွင်း အစည်းအဝေးကျင်းပရက် (၁၉)ရက်ရှိခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၁၂၃ ခု မေးမြန်း၊ ဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၂၁၄ ခု ဖြေကြားခြင်းများဆောင်ရွက်ခဲ့ပါတယ်။ အဆို ၁၁ ခုတင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို ၆ ခု၊ မှတ်တမ်းတင်အဆို ၅ ခုတို့ဖြစ်ကြပါတယ်။ ဥပဒေကြမ်းများအနေနဲ့ ဆွေးနွေးဆောင်ရွက်ခဲ့တဲ့ ဥပဒေကြမ်း ၂၈ ခုရှိပြီး ဥပဒေကြမ်း ၁၀ ခုကိုအတည်ပြုနိုင်ခဲ့ပါတယ်။ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၈ ခုကျန်ရှိပါတယ်။ ဒီအစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော်ကော်မတီ ခြောက်ခုရဲ့နှစ်ပတ်လည်အစီရင်ခံစာကို အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးကို ကော်မတီအဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားများအတွက် ဆက်လက်ဆောင်ရွက်ကြရမယ့်တာဝန်တွေ များစွာကျန်ရှိနေပါတယ်။ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက် မိမိတို့အားလုံး တာဝန်သိသိ၊ သစ္စာရှိရှိနှင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပြဋ္ဌာန်းချက်ပါအတိုင်း နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းညှိခြင်းတို့ကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဥပဒေပြုရေးကဏ္ဍမှာလည်း ပြဋ္ဌာန်းထားတဲ့ဥပဒေ၊

နည်းဥပဒေများနှင့်အညီသာ ဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။ No one is above the Law (ဥပဒေအထက်တွင် မည်သူမျှမရှိ)ဆိုတဲ့ စကားနှင့်အညီ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကို စံနမူပြလေးစားလိုက်နာကြဖို့ အထူးလိုအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူလူထုခံစားနေရတဲ့ အခက်အခဲတွေ၊ အကြပ်အတည်းတွေ၊ ပြဿနာတွေကို မေးခွန်းတွေ၊ အဆိုတွေ၊ ဥပဒေကြမ်းတွေအဖြစ်ပြောင်းလဲပြီး လွှတ်တော်လုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေကြရတာဖြစ်ပါတယ်။ လွှတ်တော်ရဲ့စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာပြီး ပြည်သူတွေရဲ့မျှော်လင့်ချက်တွေ၊ ဆန္ဒတွေကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ဥပဒေတွေဟာ ပြည်သူလူထုကိုအကာအကွယ်မပေးနိုင်တဲ့ ဥပဒေတွေ ဖြစ်နေရင် ဒီမိုကရေစီယဉ်ကျေးမှုလမ်းကြောင်းကနေ သွေဖည်သွားစေနိုင်တယ်ဆိုတာကို သတိပြုကြရမှာဖြစ်ပါတယ်။ ဒီလိုအဖြစ်မျိုးတွေကိုရှောင်ရှားပြီး ဥပဒေဆိုတာ ဖိနှိပ်ချုပ်ချယ်ဖို့မဟုတ်ဘဲ လူမျိုးမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ကျား/မခွဲခြားမှုမရှိ၊ လူတန်းစားခွဲခြားမှုမရှိဘဲ နိုင်ငံသားအားလုံးကို တန်းတူအကာအကွယ်ပေးတဲ့ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ အထူးလိုအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေပြုရေး မဏ္ဍိုင်ပြယုဂ်များဖြစ်တဲ့အတွက် သွားသတိ၊ လာသတိနဲ့ နေထိုင်ကြဖို့နဲ့ ပြည်သူလူထုနဲ့ ဆက်ဆံတဲ့ အခါမှာလည်း ဆင်ခြင်တုံတရားလက်ကိုင်ထားပြီး ပြောဆိုဆက်ဆံဆောင်ရွက်ကြဖို့ မှာကြားလို ပါတယ်။ ဆောင်ရွက်သင့်တဲ့၊ ဆောင်ရွက်ထိုက်တဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများမှာလည်း တက်တက် ကြွကြွဆောင်ရွက်ဖို့ မှာကြားလိုပါတယ်။ နိုင်ငံတော်ရဲ့မည်သည့်နေရာဒေသမှာမဆို ဘေးအန္တရာယ် ကျရောက်လာခဲ့ရင်လည်း ပြည်သူလူထုတွေရဲ့အခက်အခဲတွေကို စာနာနားလည်ပြီး တတ်စွမ်းသမျှ ကူညီစောင့်ရှောက်ပေးကြဖို့ လိုအပ်ပါတယ်။ ပြည်သူတွေက အားကိုးယုံကြည်စွာနဲ့ ရွေးချယ်တာဝန် ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များဟာ ပြည်သူတွေကြုံတွေ့ခံစားနေရတဲ့ အခြေအနေမှန်တွေကို မျက်ခြေမပြတ်စေဘဲ သတိရှိရှိနဲ့ အမြဲနားစွင့်နေဖို့ လိုပါတယ်။ ပြည်သူ့အသံ၊ လွှတ်တော်အသံဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ဖို့အတွက် ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဝိုင်းဝန်းပူးပေါင်းကူညီ ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ လွှတ်တော်အစည်းအဝေးရပ်နားထားစဉ်ကာလအတွင်း မဲဆန္ဒရှင်ပြည်သူလူထုထံ အရောက်သွားပြီး ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေမှာ ပါဝင်ဆောင်ရွက်ပေးကြပါ။ ဒီမိုကရေစီစနစ်ကို အကောင် အထည်ဖော်နေသူများပီသစွာ ပြည်သူလူထုကိုလည်း စစ်မှန်တဲ့ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေ ဖွံ့ဖြိုးလာဖို့ ကူညီဆောင်ရွက်ပေးကြပါ။ ပြည်သူက အားကိုးယုံကြည်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ပီသစွာ ပြည်သူ့အကျိုးကို စိတ်ကောင်းစေတနာမှန်နဲ့ ကူညီဆောင်ရွက်ပေးကြပါ။ ပြည်သူများအကြား လွှတ်တော်အတွေ့အကြုံရှင်းလင်းခြင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးကြပါလို့ မှာကြား လိုပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များရဲ့ လိုရာခရီးများ သာယာဖြောင့်ဖြူးကြပါစေ၊ ဘေးအန္တရာယ်ကင်းဝေးကြပါစေ၊ ဆွေမျိုး၊ မိတ်ဆွေများ၊ မိသားစုများနဲ့

ပျော်ရွှင်စွာပြန်လည်ဆုံစည်းနိုင်ကြပါစေ၊ ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးရွက်ဆောင်နိုင်သူများ ဖြစ်ကြပါစေ၊ နောင်ကျင်းပမယ့် ဒသမပုံမှန်အစည်းအဝေးမှာလည်း ကျန်းမာ၊ ချမ်းသာစွာနဲ့ ပြန်လည် ဆုံတွေ့နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကိုရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၂း၀၅ နာရီအချိန်တွင် အောင်မြင်စွာကျင်းပပြီးစီးပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ (၁၈.၉.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Kyaw Linn　　Dr Khin Maung Maung




U Myo Nyunt　　U Kyaw Linn




U Kyaw Linn　　Dr Tun Lin Maw




U Kyaw Linn　　Daw Thandar




U Maung Maung　　U Win Maw Tun




U Chinn Pe Linn　　U Win Maw Tun

pyithu.hluttaw.mm



U Myint Oo



U Win Maw Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်